ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (30-4-2006) (၄၉၄၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ရက်သတ္တပတ် (၂၀၀၆) အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ရော်ဘာစိုက်ပျိုးခြင်းဖြင့် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိ တစ်ဦးချင်း ဝင်ငွေတိုးတက်၍ လူနေမှုဘဝ ပိုမိုမြင့်မားလာမည်

နေပြည်တော် မေ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၇ရက် နံနက် ၉နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စုရှိ မြန်မာ့ရွှေဖြူ ရော်ဘာခြံသို့ ရောက်ရှိရာ ရှေးဦးစွာ ရော်ဘာခြံပိုင်ရှင် ဒေါ်အေးအေးဝင်းက ရော်ဘာခြံ စတင်စိုက်ပျိုးခဲ့မှုနှင့် ရော်ဘာစိုက်ပျိုးထားရှိမှု၊ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်နှင့် ရော်ဘာစေးထုတ်ယူရရှိမှု၊ ရော်ဘာပျိုးပင် ပေါင်းနှစ်သိန်း စုဆောင်းထားရှိပြီး ရော်ဘာဧက ၆၀၀အထိ တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရော်ဘာခြံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရော်ဘာစိုက်ပျိုးခြင်းဖြင့် ဒေသခံ တိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်၍ ဒေသအတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ကာ လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ရော်ဘာကို ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ပြီး နယ်စပ်ဒေသနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အိုင်စီတီ ရက်သတ္တပတ်(၂၀၀၆) အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြပွဲကိုဖွင့်လှစ်ပေး

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ကြီးကြပ်မှုဖြင့် ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ရက်သတ္တပတ်(၂၀၀၆) အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပြပွဲကို ဖွင့်လှစ်ပေးသည်။

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအီလက်ထရွန်းနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- *ယနေ့ကာလတွင် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများအတွက် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၈၁၀၀၀ကျော်သုံးစွဲခဲ့ရာ နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းနေ ကြောင်း တွေ့မြင်နေရသည်။* ခေါင်းကြီး (စာမျက်နှာ-၂)

- *နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ကျန်းမာကြံ့ခိုင်သော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ် များ ပေါ်ထွန်းရေးသည် အရေးကြီးသော အမျိုးသားရေး လုပ်ငန်းစဉ်ကြီးဖြစ်ရာ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များ မူးယစ်ကင်းစင်ရေးကို အလေးထားဆောင်ရွက်ရပေမည်။*

ခင်ခင်ကျော်(ပညာရေး)၏ **"တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ"** ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၄-၂၀၀၆
(တနင်္လာနေ့)

ငြိမ်းချမ်းသာယာမှုများ တန်ဖိုးထားထိန်းသိမ်း နယ်စပ်ဒေသများဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများဖြင့် စည်းလုံးညီညွတ်စွာ ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏အကျိုးကို ရှေးရှုပြီး ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နယ်စပ်ဒေသများ၏ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က တိုးတက်မြင့်မားလာစေရန် စီမံဖြည့်ဆည်းပေးလျက်ရှိရာ နယ်မြေဒေသ အစိတ်အပိုင်းများအလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများအတွက် ဘဏ္ဍာငွေကျပ်သန်းပေါင်း ၈၁၀၀၀ ကျော် သုံးစွဲခဲ့ရာ နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေကြောင်း တွေ့မြင်နေရသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် လမ်းနှင့်တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါ မြေလမ်းမိုင် ၃၀၀၀ ကျော်၊ ကျောက်ခင်းလမ်းမိုင် ၂၀၀၀ နီးပါးနှင့် ကတ္တရာလမ်း ၃၅၅ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ပေ ၁၀၀ အထက်တံတား ၅၁ စင်း၊ ပေ ၁၀၀ အောက်တံတား ၇၂၅ စင်းနှင့် ကြိုးတံတား ၂၆ စင်း တည်ဆောက်ပေးထားပြီးဖြစ်သည်။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ ကျောင်းပေါင်း ၁၀၃၄ ကျောင်း ဆောက်လုပ်ပေးထားပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူပေါင်း တစ်သိန်းကျော် ပညာသင်ကြားနေပြီဖြစ်သည်။ အလားတူဆေးရုံ ၇၉ ရုံ၊ ဆေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျန်းမာရေးဌာနခွဲ ၁၄၀ ဖွင့်လှစ်၍ နယ်စပ်ဒေသ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများကလည်း နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးမှုနှင့်အတူ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ကိုင်နေကြပြီဖြစ်သည်။

“ဝ”ဒေသရှိ ပန်ဆန်း၊ မိုင်းမော၊ နမ့်တစ်ဒေသတို့တွင် ရော်ဘာစိုက်ခင်းကြီးများနှင့်အတူ ရော်ဘာ အချောထည်စက်ရုံများ တည်ဆောက်ထုတ်လုပ်နေသကဲ့သို့ ဝမ်ဟုန်၊ နမ့်တစ်ဒေသရှိ လိမ္မော်၊ လိုင်ချီးနှင့် နှင်းသီးစိုက်ခင်းများ၊ မိုင်းမောဒေသမှ ဂုလုံတီးလက်ဖက်စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကွက်သို့ပင် တင်ပို့နိုင်နေပြီဖြစ်သည်။

နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ လျင်မြန်စွာတိုးတက်လာမှုနှင့်အတူ ယခင်ခေတ်ကာလများက နယ်စပ်ဒေသကျေးရွာအဆင့်မျှသာ ရှိခဲ့သည့် ဒေသများ၌ ယခုအခါ ခေတ်မီမြို့ကြီးပြကြီးများ၊ ကြီးမားကျယ်ပြန့်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးစခန်းများဖြင့် တိုးတက်ပြောင်းလဲနေပြီဖြစ်သည်။

ယင်းကဲ့သို့ နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၊ တိုင်းရင်းသားအချင်းချင်းပေါင်းစည်း ယှက်နွယ်နေထိုင်နိုင်ခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းပင်ဖြစ်ရာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့် ရရှိပြီးသောငြိမ်းချမ်းရေးကို ထာဝစဉ်အလေးထား ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအားလုံးက နိုင်ငံတော်၏ငြိမ်းချမ်းသာယာမှုများကို တန်ဖိုးထား ထိန်းသိမ်းကြပြီး နယ်စပ်ဒေသများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ချင်းယှက်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုင်းတုံမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်သော ကျိုင်းတုံမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အဆိုပါ မြို့ပတ်လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုင်းတုံခရိုင်နှင့် ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ သူနာပြုဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်က မြို့ပတ်လမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက မြို့ပတ်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် တည်ဆောက်ပေးမှုအပေါ် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ကျိုင်းတုံမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့ထံ ပေးအပ်သည်။

ဖွင့်လှစ်ပေး

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က မြို့ပတ် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က မြို့ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက်တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုးမြှင့်ဆောင်ရွက်

အဆိုပါ ကျိုင်းတုံမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေရှိပြီး ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံသွားလာမှု လွယ်ကူစေရေးတို့အတွက် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိနေသေးသော မြေသားလမ်းပေ ၂၅၄၀ ကို ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကတ္တရာလမ်းသစ် ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့ မြို့ပတ် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ လမ်းမှ (ဦးသိန်း)-ဒေါ်ကြည်ကြည်က ငွေကျပ် ၁၀၀၀၀၀ကို အဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု

လူငယ်ဟူသည် အနာဂတ်၏မျိုးဆက်သစ်၊တိုင်းပြည်၏ ရတနာများဖြစ်သည်။ နေ့တစ်နေ့၏ အရုဏ်ဦးနှင့်တူသည့် လူငယ်တို့ဘဝသည် လွန်စွာတန်ဖိုးရှိလှသည်။ နုပျိုခြင်း၊ လန်းဆန်းတက်ကြွခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း စသည့်ဂုဏ်ရည်ဂုဏ်သွေးများဖြင့် ပြည့်စုံကြသည်။ နေရောင်ခြည်ကို ခံယူရင်းအရှိန်အဟုန်ဖြင့် ပွင့်လန်းရန်အားယူနေသည့် ပန်းကလေးများနှင့်လည်း ပမာတူသည်။ ပထမအရွယ် ပညာရှာမှီးသည့် အရွယ်မို့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရေး၊ ကာယစိတ္တကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး စသည်တို့နှင့်ပြည့်စုံရေးသည် အရေးကြီးသော အချက်များဖြစ်သည်။ လူငယ်တို့သည် ကျောက်ရိုင်းတုံးလေးများနှင့် ပမာတူသောကြောင့်လည်း ငယ်စဉ်ကပင် မိဘဆရာတို့က အလေ့အကျင့်ကောင်းများဖြင့် သွန်သင်ဆုံးမနည်းလမ်းပြရင်း လူကောင်းလူတော်များဖြစ်အောင် လေ့ကျင့်ပေးခဲ့ကြသည်။ လူငယ်တို့ဘဝ အပြစ်အနာအဆာကင်းစွာ နိုင်ငံ့သားကောင်း လူ့အဖိုးတန်လေးများ ဖြစ်ရေးတွင် မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ရေးကိုလည်း အလေးထားဆောင်ရွက်ရန်လိုပေသည်။

မူးယစ်ဆေးဝါးဟူသည် လူ့စိတ်ကို ဖောက်ပြန်ပြောင်းလဲစေပြီး မကောင်းမှုဆိုးကျိုးများ၊ ဒုစရိုက်မှုများကို အားပေးသည့် မိစ္ဆာကောင်ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် ယနေ့ကမ္ဘာ့လူသားသန်းပေါင်း ၆၃၀၀ကို ခြိမ်းခြောက်ရင်း အန္တရာယ်ပေးလျက်ရှိသည်။ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းကဲ့သို့အုပ်ဟူသော ဆိုစကားနှင့်အညီ လူသားအားလုံး၏ ဘုံရန်သူမူးယစ်ဆေးဝါးကို ပညာအသိ၊ဉာဏ်သတိဖြင့် ညီညွတ်စွာ ကာကွယ်ချေမှုန်းလျက်ရှိသည်။ မူးယစ်ဆေးဝါးတွင် ဘိန်း၊ ဘင်း၊ ကစော်၊ လော်စာ၊ အရက်နှင့်တကွ ဆေးခြောက်၊ ကိုကင်း၊ မာဖီးယား၊ ဘိန်းဖြူ၊ ပက်သဒင်း၊ အယ်အက်စ်ဒီ၊ ဟီးရိုးအင်း၊ မော်ဖင်း၊ မီသာဒုန်း၊ အေဒီတီ၊ ဖီနိုအိပ်ဆေးများ၊ ဗေလီယံ၊ နိုက်ထရာဇီပဟန် စသည်တို့ပါဝင်သည်။ မူးယစ်ဆေးဝါး၏ မူရာမာယာလှည့်စားချက်များသည် ရွှေရောင်ဗိမာန်ကြီးအလား ထင်မှတ်မှားစဖွယ် ဆွဲဆောင်မှုပြင်းထန်သည်။ လူငယ်တို့၏ စူးစမ်းလိုစိတ်၊ စမ်းသပ်လိုစိတ်၊ အတွေ့အကြုံသစ်ရှာလိုစိတ်၊ လွဲမှားသောထွက်ပေါက်ရှာလိုစိတ်များသည် မူးယစ်မာယာရှင်၏ ညို့ငင်မှုနောက်သို့ လိုက်ပါတတ်ရာ ယင်းသို့ မဖြစ်ရန် အသိပညာပေးလုပ်ငန်းများဖြင့် ကြိုတင်တားဆီးကာကွယ်ရပေမည်။ အခြေခံကျောင်းများတွင် ဟောပြောပွဲများ၊ နံရံကပ်စာစောင်ပြပွဲများ၊ စာစီစာကုံး၊ကဗျာပြိုင်ပွဲများအပြင် စာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများ၊ မီဒီယာအမျိုးမျိုးဖြင့်လည်း မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသည် မြန်မာနိုင်ငံ၌ စတင်ပေါ်ပေါက်ခဲ့သည့် ဒေသထွက်ပစ္စည်းမဟုတ်ဘဲ ကိုလိုနီဆိုးမွေသာဖြစ်သည်။ ခေတ်အဆက်ဆက် အစိုးရများသည် မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းခဲ့ရာတွင် တပ်မတော်သားတို့၏ စစ်ဆင်ရေးများဖြင့်လည်း ချေမှုန်းတိုက်ဖျက်ခဲ့သည်။ မိုးဟိန်း စစ်ဆင်ရေး၊ ငရဲပန်း၊ တောင်ရန်ရှင်း၊ တောင်ထိပ်ပန်း၊ အောင်မိုးဟိန်းစသည့် စစ်ဆင်ရေးများဖြင့် ရှုပ်ရှုပ်ချွံချွံချေမှုန်းခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာ သုံးရပ်၊ နည်းနိဿယသုံးရပ်တို့ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းခဲ့သည်။ မဟာဗျူဟာနှစ်ရပ်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို

ခင်ခင်ကျော် (ပညာရေး)

အမျိုးသားရေးတာဝန်အဖြစ် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှု အလေ့အထ တစ်စတစ်စ ချုပ်ငြိမ်းရေးတို့ပင်ဖြစ်သည်။

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် မိမိတစ်နိုင်ငံချင်းကလည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပေါင်းစပ်၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိသည်။ ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၇ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)ကို ဘိန်းကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ကိုးကန့်အထူးဒေသ(၁)ကို ၂၀၀၃ခုနှစ်၊ 'ဝ'အထူးဒေသ(၂)ကို ၂၀၀၅ ခုနှစ်တို့တွင် ဘိန်းကင်းမဲ့ဇုန်များအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်အတူ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း (၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်)နှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကို ပေါင်းစပ်ဖော်ဆောင်လျက်ရှိသည်။ နယ်စပ်ဒေသများရှိ ဘိန်းစိုက်ပျိုးလေ့ရှိသည့် နယ်မြေများတွင် ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားလာရေးအတွက် ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ရေးတို့တွင် အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

တပ်မတော် အစိုးရသည် ၁၇နှစ်တာကာလ (၁၉၈၈ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ)အတွင်း ဘိန်းစိုက်ဧက ၆၁၅၆၂ဧကမှ ၉၈၄၀ဧကအထိ ကျဆင်းသွားအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ဘိန်းစိုက်ဧက ၁၇၂၉၅၉ ဒသမ၈၂ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။ ဘိန်းမျိုးစေ့ ၁၀၄၁၉၇ ပြည်ကို ဒေသခံပြည်သူများက နိုင်ငံတော်ထံ အသိစိတ်ဓာတ်ဖြင့် အပ်နှံ၍ ဖျက်ဆီးခဲ့သည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၉ကြိမ်၊ ပြည်နယ်၊တိုင်းများတွင် ၃၄ကြိမ် မီးရှို့ဖျက်ဆီး နိုင်ခဲ့သည်။ ဘိန်းအစားထိုးသီးနှံ နှစ်ချင်းသီးနှံ ၅၇၇၀၈၅ဧက၊ နှစ်ရှည်သီးနှံ ၁၄၇၃၈၉ဒသမ၅၀ဧက စိုက်ပျိုးထူထောင်ပေးနိုင်ခဲ့သည်။ မူးယစ် ဆေးဝါးလုံးဝပပျောက်ရေး ၁၅နှစ် စီမံကိန်း ပထမငါးနှစ်စီမံကိန်းလုပ်ငန်းများအောင်မြင်ခဲ့သလို ယခု ဒုတိယငါးနှစ်စီမံကိန်း ရည်မှန်းချက်များကို ဆက်လက် အောင်မြင်အောင် ဖော်ဆောင်လျက်ရှိပေသည်။ ထူးခြားသော အောင်မြင်မှုသက်သေအဖြစ် UNODC မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၂ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်း၊ ၂၀၀၃ခုနှစ်တွင် ၂၄ ရာခိုင်နှုန်း၊ ၂၀၀၄ခုနှစ်တွင် ၂၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

Opiun Yield Survey အနေဖြင့် မြန်မာ-အမေရိကန် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၆ခုနှစ်က တိုင်းတာသည့်စာရင်းနှင့် ၂၀၀၄ခုနှစ်စာရင်းများကို နှိုင်းယှဉ်ကြည့်လျှင် ဘိန်းထုတ်မှုအခြေအနေသည် ကိုးနှစ်အတွင်း ၈၈ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ဘိန်းစိုက်ပျိုးမှုမှာ ၈၁ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပေသည်။ ယင်းသို့ အောင်မြင်မှုများရခဲ့ခြင်းမှာ နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်ခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း၊ နိုင်ငံတော် အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်စီမံကိန်းများကြောင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပေသည်။ စိတ်ကြွရူးသွပ်ဆေး အပါအဝင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

> **မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုသည့် စကားအတိုင်း မူးယစ်ကင်းစင်ရေးတွင် ဆေးလိပ်သောက်ခြင်းကိုလည်း ရပ်တန်းကရပ်ကြရမည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်သောက်သုံးမှုနှင့် ဆက်စပ်နေသည့် ရောဂါဘယများဖြစ်ပွားမှုကြောင့် သေဆုံးသူ ဦးရေမှာ တစ်နှစ်လျှင် လူငါးသန်းအထိရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ အဆုတ်ကင်ဆာဖြစ်ခြင်း၏ ၉၀ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေပေရာ ဆေးလိပ်ကိုလည်း ရှောင်ကြဉ်ရပေမည်။**

မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုသည့် စကားအတိုင်း မူးယစ်ကင်းစင်ရေးတွင် ဆေးလိပ်သောက်ခြင်းကိုလည်း ရပ်တန်းကရပ်ကြရမည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်သောက်သုံးမှုနှင့် ဆက်စပ်နေသည့် ရောဂါဘယများဖြစ်ပွားမှုကြောင့် သေဆုံးသူ ဦးရေမှာ တစ်နှစ်လျှင် လူငါးသန်းအထိရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ အဆုတ်ကင်ဆာဖြစ်ခြင်း၏ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းနှင့် တိုက်ရိုက်ဆက်နွှယ်နေပေရာ ဆေးလိပ်ကိုလည်း ရှောင်ကြဉ်ရပေမည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊လူတိုင်းရောဂါဘယကင်းရှင်းရေး ဆိုသည့် အချက်နှစ်ရပ်နှင့်အညီ ကျန်းမာကြံ့ခိုင်သောဘဝကို ရရှိရန် ရောဂါဘယကင်းဝေးရန်လိုသည်။ မူးယစ်ဆေးဝါးထောင်ချောက်မှ လွတ်ကင်းရန်လိုသည်။ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ကျန်းမာကြံ့ခိုင်သော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းရေးသည် အရေးကြီးသော အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်ရာ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များ မူးယစ်ကင်းစင်ရေးကို အလေးထားဆောင်ရွက်ရပေမည်။

လူငယ်တိုင်း၊ ပြည်သူတိုင်း၊ နိုင်ငံတိုင်းသည် လောကကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးမှန်သမျှ ဝေးစွာ ရှောင်ရှားရမည်။ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသိစိတ်ဓာတ်ပြည့်ဝစွာ လက်တွဲပူးပေါင်း ဆောင်ရွက်ရမည်။ လူသားအားလုံး၏ ဘုံရန်သူ မူးယစ်ဆေးဝါးအန္တရာယ် ချေမှုန်းရေးတွင် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ ပါဝင်ချေမှုန်းရင်း နိုင်ငံတော်အတွက် အားထားရသည့် မူးယစ်ကင်းစင်သော လူငယ်များပေါ်ထွန်းအောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဆရာတော်ဦးဃောသိတ တရားတော် - ပဋိစ္စသမုပ္ပါဒ်အခြေခံ
၉:၁၀	၁၁။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၁၅	၄။ မြန်မာ့ရှုခင်း
၁၂:၃၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀	၆။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "အဖွင့်အပိတ်" (အပိုင်း-၂)**
၀၁:၅၀	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၀၁:၅၉	၈။ အပိတ်နှုတ်ဆက်စကား
၀၂:၀၀	၉။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၂၅	၄။ မျိုးချစ်တပ်မတော်
၄:၄၅	၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နန်းတွင်းရတနာ (အပိုင်း-၃၅)**
၈:၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။ ကျန်းမာသုတ
	၁၇။ ပဟေဠိနန်းတော်
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **FA Cup ဘောလုံးပွဲအစီအစဉ် - Tottenham Hotspur VS Bolton wanderers(Live)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။



တူရကီနိုင်ငံစီဟန်ရေနံဆိပ်ကမ်းရှိ ရေနံပို့လွှတ်ရေး လုပ်ငန်းခွင် တစ်နေရာကို မေ ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ သတင်းများ

စင်ကာပူ၌အစားအစာဘေးကင်းလုံခြုံရေး အစီအစဉ်စတင်

စင်ကာပူ မေ ၂၈

စင်ကာပူနိုင်ငံသည် အစားအစာများ ဘေးကင်းလုံခြုံရေးအစီအစဉ်ကို မေ ၂၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လုပ်နည်းကိုင်နည်းအပိုင်းတွင် အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေး စနစ်တစ်ရပ်ဖြစ်သော ဘေးအန္တရာယ် စိစစ်ရေးနှင့် ဆန်းစစ်ရေးစံနှုန်း (အိပ်ချ်အေစီစီပီ)တို့ကိုအခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

အစားအစာဘေးကင်းလုံခြုံရေးကိစ္စများကို အိပ်ချ်အေစီစီပီ အတိုင်ပင်ခံပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများပူးပေါင်းပြီး နားလည်မှုရယူကာ လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယခုနှစ်၏ အာရှကုန်သွယ်ရေး စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းဖွင့်ပွဲ၌ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး လမ်ဟန်ခိုင်က ပြောကြားခဲ့သည်။

ဒေသဆိုင်ရာ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများကို ပြည်ပနိုင်ငံများတွင် တိုးချဲ့လုပ်ကိုင်နိုင်ရန် လည်းကောင်း၊ ဒေသဆိုင်ရာပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များအဖို့ အစားအစာကို ဘေးကင်းလုံခြုံစွာ သုံးဆောင်နိုင်ရေးအတွက်လည်းကောင်း အိပ်ချ်အေစီစီပီအဖွဲ့က ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လမ်က ထုတ်ဖော် ပြာကြားသည်။

လာမည့်သုံးနှစ်တွင် အိပ်ချ်အေစီစီပီအသိအမှတ်ပြုခံရသော စားသောက်ကုန်နှင့် အဖျော်ယမကာ ကုမ္ပဏီ ၂၀၀ ကို စင်ကာပူဒေါ်လာတစ်သန်း (အမေရိကန်ဒေါ်လာ ၆၂၉၀၀၀) ခန့် ကူညီရန် လျာထားသည်။ စားသောက်ဆိုင်အဖွဲ့ အစည်းနှင့် စံချိန်စံညွှန်း တိုးမြှင့်ထုတ်လုပ်ရေးနှင့် ဆန်းသစ်ပြောင်းလဲရေးအဖွဲ့သည် ထိုအစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူတွင် ယခုအချိန်အထိ အိပ်ချ်အေစီစီပီအဖွဲ့မှ အသိအမှတ်ပြုခံရသော စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်း ၆၀ ရာခိုင်နှုန်းရှိသည်။ စင်ကာပူသို့ ၂၀၁၅ ခုနှစ်မတိုင်မီ ခရီးသွားဧည့်သည် ၁၇ သန်း လာရောက်ပြီး စင်ကာပူဒေါ်လာ ဘီလီယံ ၃၀ (အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ) ရရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်သောအလုပ်အကိုင်သစ် ၁၀၀၀၀၀ ပေါ်ထွန်းလာမည်ဟု မျှော်မှန်းထားကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

နယူးယောက်ရှိ စာသင်ကျောင်းများအတွင်း ရဲတပ်ဖွဲ့က ရှာဖွေစစ်ဆေး

နယူးယောက် မေ ၂၈

နယူးယောက်မြို့ စာသင်ကျောင်းများတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို နှိပ်ကွပ်မည့် မြို့တော်ဝန် မိုက်ကယ်ဘလွမ်းဘတ်ဖ်၏ အစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် နယူးယောက် ရဲတပ်ဖွဲ့က နိုင်ငံပိုင်စာသင် ကျောင်းများကို ဗုဒ္ဓဟူးနေ့တွင် အလျဉ်းသင့်သလို စတင် ရှာဖွေစစ်ဆေးနေပြီဖြစ်သည်။ သို့ရာတွင် ရှာဖွေစစ်ဆေးနေစဉ် ဖမ်းမိသည့်ပစ္စည်းများမှာ ဒါဇင်ချီရှိသည့် ဆဲလ်ဖုန်းများသာဖြစ်သည်။

ဆဲလ်ဖုန်းများကို စာသင်ကျောင်းများတွင် မသုံးရန် ပိတ်ပင်ထားခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ သို့ရာတွင် စာသင်ကျောင်းများတွင် ရှာဖွေစစ်ဆေးနေစဉ်အတွင်း ကျောင်းသားများထံမှ ဆဲလ်ဖုန်းများနှင့်အတူ အခြား အီလက်ထရွန်းနစ်ပစ္စည်းများကိုရဲတပ်ဖွဲ့ကသိမ်းဆည်းသွားရန် စီစဉ်နေကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘာ့အကြီးဆုံး ဇိမ်ခံ အပျော်စီး သင်္ဘောကြီးဖြစ်သော Freedom of the Seas သင်္ဘောကို အင်္ဂလန်တောင်ပိုင်း ဆောက်သင်ဟန်ဆိပ်ကမ်း၌ ရပ်နားထားသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မနီလာမြို့၌ လက်နက်များမိ ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သိမ်းဆည်း

မနီလာ မေ ၂၈

တရားမဝင်သိုဝှက်ထားသောခဲယမ်းလက်နက်နှင့် ဗုံးများကို မေ ၂၇ရက်တွင် ဖိလစ် ပိုင်ရဲတပ်ဖွဲ့က သိမ်းယူခဲ့သည်။ အဆိုပါပစ္စည်းများကို မနီလာမြို့အရှေ့ဘက်မာရီ ကီနာမြို့ လူနေအိမ်တွင် ရှာဖွေတွေ့ရှိခြင်း ဖြစ်သည်။

အက်စ်အက်စ်ဘက်စ်ရွာ ချမ်ပက်နီလမ်း အမှတ်(၂၁) နေအိမ်ကို ရုတ်တရက် ဝင်ရောက် ရှာဖွေမှုပြုလုပ်စဉ် အဆိုပါ လက်နက်များကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းရမိသော လက်နက်များမှာ လက်ပစ်ဗုံး၊ ရိုင်ဖယ်၊ မျက်ရည်ယိုဗုံး၊ ခဲယမ်းမျိုးစုံနှင့်ဗုံးပြုလုပ်သော ပစ္စည်းများဖြစ်ကြောင်း ရဲဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင်ရေးသားဖော်ပြခဲ့သည်။

မနီလာဒေသဆိုင်ရာ တရားရုံးက အဆိုပါအိမ်ကို ဝင်ရောက်ရှာဖွေမှုပြုလုပ်ရန်ဝရမ်း ထုတ်ပြန်ခဲ့သည်။ မစ်တို့ ဂျီမီနက်ဇ်သည် အဆိုပါအိမ်၏အိမ်ရှင်ဖြစ်ကြောင်း ရဲကဆိုသည်။ ဖမ်းဆီးရသည့် အကြောင်းရင်းကို ရဲက ယခုချိန်ထိ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။ **အမ်အင်အေ၊ဆင်ဟွာ။**

အင်ဒိုနီးရှားကျွန်း၌ အင်အားပြင်း ငလျင်လှုပ်

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဆီမီလုကျွန်း၌ မေ ၂၆ရက်အစောပိုင်းတွင် ရစ်ချ်တာစကေး ၅ဒသမ၉အဆင့်ရှိ မြေလျင်လှုပ်သွားခဲ့ကြောင်း၊ ငလျင်လှုပ်သွားမှုကြောင့် ပြည်သူများသည် ထိတ်ထိတ် ပျာပျာဖြစ်သွားခဲ့ကြောင်း သတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ၁နာရီ ၂၆မိနစ်တွင် ငလျင်လှုပ်သွားခဲ့ကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း အင်တာရာသတင်းဌာနက ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဖောက်ခွဲရေးသမားများဗုံးဖောက်ခွဲ

ကိုင်ရို မေ ၂၈

ဗုံးဖောက်ခွဲသူနှစ်ဦးက အီဂျစ်မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဗုဒ္ဓဟူးနေ့က ဗုံးဖောက်ခွဲခဲ့ကြသည်။ ဗုံးဖောက်ခွဲသူတစ်ဦးသည် နိုင်ငံတကာ လေ့လာရေးတပ်ဖွဲ့က အသုံးပြုနေသည့် လေဆိပ်တစ်ခုအနီး ဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး အခြားဗုံးဖောက်ခွဲသူတစ်ဦးက အယ်လ်အာရစ်ရှ်မြို့အနီးတွင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ကြေညာချက်တွင်ဖော်ပြ

ယင်းသို့ ဗုံးဖောက်ခွဲမှုကြောင့် ဗုံးဖောက်ခွဲသူများ သေဆုံးသွားခဲ့သည်ဟု ပြည်ထဲရေးဌာန၏ သတင်းကြေညာချက်တွင်ဖော်ပြထားသည်။

ပြစ်တင်

ဗုံးဖောက်ခွဲသည့် ဖြစ်ရပ်နှစ်ခုစလုံး ဆက်နွယ်မှုရှိမရှိရုတ်ခြည်းအားဖြင့် ရှင်းလင်းစွာ မသိရှိရသေးပေ။ သို့ရာတွင် လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင်း ဆိုင်းနိုင်းဒေသတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် အယ်လ်အာရစ်ရှ်ဒေသမှ ဖြစ်သည်ဟု နိုင်ငံတကာလေ့လာသူ တပ်ဖွဲ့အုပ်စုတစ်စု၏ အဖွဲ့ဝင်များက ပြစ်တင်ပြောကြားသည်။

ပစ်မှတ်

ပထမဗုံးဖောက်ခွဲသူက ယင်းတပ်ဖွဲ့၏ မော်တော်ယာဉ်များကိုပစ်မှတ်ထား၍ ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံတကာလေ့လာရေးတပ်ဖွဲ့မှ အဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ဟု ယင်းတပ်ဖွဲ့မှ ပြောဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဒုတိယဗုံးဖောက်ခွဲသူက ရိုက်ဇူဝါယက်ဒေသရှိ ရဲဌာနအပြင်ဘက်ရှိ ရဲတပ်ဖွဲ့၏မော် တော်ယာဉ်အနီးတွင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်အတွင်း လူတစ်ဦးတစ်ယောက်မျှမရှိသဖြင့် ထိခိုက်သေဆုံးသူလည်းမရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်ကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အာဖရိကဆိုင်ရာ အထူးအကြံပေး ကုလသမဂ္ဂက ခန့်အပ်

ကုလသမဂ္ဂ မေ ၂၈

အီသီယိုပီးယားနှင့် အီရစ်ထရီးယားနိုင်ငံဆိုင်ရာ သံတမန်ဟောင်းဖြစ်ခဲ့ဖူးသူ လက်ဝေလာဂျိုဇက်လက်ဝေလာကို အာဖရိကဆိုင်ရာ အထူးအကြံပေးအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ခန့်အပ်လိုက်သည်။

အီသီယိုးပီးယားနှင့် အီရစ်ထရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် တာဝန်မထမ်းဆောင်မီက ဂျိုးဇက်လက်ဝေလာသည် ကုလသမဂ္ဂဆိုင်ရာ ဘော့ဆွာနာသံအမတ်ကြီးဖြစ်ခဲ့သည်။

အသက် ၆၉နှစ်ရှိ ဂျိုဇက်လက်ဝေလာသည် ဘော့ဆွာနာသမ္မတ၏ လက်အောက်တွင်လည်း တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၇၉ခုနှစ်နှင့် ၁၉၉၀ ပြည့် နှစ်များတွင် ကုလသမဂ္ဂ၏ ဒုတိယ ကိုယ်စားလှယ်အဖြစ် နမီးဘီးယားတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**



ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ အရှေ့တောင်ပိုင်း ကျေးရွာတစ်ရွာတွင် ရေလွှမ်းမိုးမှု တားဆီးရေးအတွက် သဲအိတ်များ ချနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရုရှားနိုင်ငံက အာရှဒေသ၏ လောင်စာစွမ်းအင်ကိစ္စအပေါ် အာရုံစိုက်သင့်ကြောင်း သမ္မတ ပူတင်ပြောကြား

မော်စကို ဧပြီ ၂၇

ကမ္ဘာပေါ်တွင် ရေနံအများဆုံးတင်ပို့ရောင်းချနေသည့် ရုရှားနိုင်ငံအနေဖြင့် လောင်စာဈေးကွက်များတွင် ယှဉ်ပြိုင်မှုများဖြင့် လုံးပန်းနေရသော အာရှဒေသသို့ ရေနံဖြည့်ဆည်းပေးရေးကိစ္စအပေါ် အာရုံစိုက်သင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

လောင်စာစွမ်းအင် အရင်းအမြစ်များ ဝယ်လိုအား ကြီးမားနေလင့်ကစား မြောက်ပိုင်းဒေသ၊ တောင်ပိုင်းဒေသနှင့် အနောက်ပိုင်းဒေသသို့ ရေနံတင်ပို့ရန် မိမိတို့အပေါ် ကန့်သတ်မှုများ ပြုလုပ်ရန်အတွက် ဆင်ခြေဆင်လက်အမျိုးမျိုး အသုံးပြုလျက်ရှိနေကြကြောင်း၊ ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သင့်တင့်သည့် ဈေးကွက်များကို မိမိတို့ ရှာဖွေကြရမည်ဖြစ်ကြောင်း ရုရှားသမ္မတ၏ ပြောကြားချက်ကို ကိုးကား၍ ရုရှားသတင်းဌာနက ဖော်ပြသည်။

အာရှ–ပစိဖိတ်ဒေသမှ နိုင်ငံများသည် အရှိန်အဟုန်မြင့်မားစွာဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ယင်းနိုင်ငံများနှင့် မိမိတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံက ရေနံဈေးနှုန်းနှင့် ပတ်သက်၍ အငြင်းပွားမှုပြဿနာ ဖြစ်ပွားပြီးနောက် ယခုနှစ်သစ်တွင် ယူကရိန်းနိုင်ငံသို့ ရေနံတင်ပို့မှု ရပ်ဆိုင်းခဲ့သည်။ ထိုအဖြစ်ကြောင့် ရုရှားနိုင်ငံ၏ လောင်စာစွမ်းအင် တင်ပို့မှုအပေါ် အားထားနေရသည့် ဥရောပဒေသမှ နိုင်ငံများက ရုရှားအပေါ် ဘဝင်မကျမှုတိုးမြင့်လာလျက်ရှိသည်။

အကြီးမားဆုံး

ပစိဖိတ်ကမ်းခြေသို့ ရေနံပိုက်လိုင်း သွယ်တန်းမည့် စီမံချက်သည် မိမိတို့၏ အကြီးဆုံးသော စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရေနံလောင်စာအခက်အခဲနှင့် စပ်လျဉ်း၍ ပူတင်က ပြောကြားသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်ပြည်၌ အသစ်ဖောက်လုပ်ခဲ့သည့် ကျင်ဟိုင်း–တိဘက် တောင်ပေါ်ရထားလမ်းတစ်နေရာတွင် ဒေသခံ တိဘက်လူမျိုး မိသားစုတစ်စုအား တွေ့ရစဉ်။

ဓာတ်ပုံ–အင်တာနက်။

အဘူဂါရိုပ်ထောင်မှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် ကန်အရာရှိအား စွဲချက်တင်မည်

ဝါရှင်တန် ဧပြီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်ဒေသ အဘူဂါရိုပ်ထောင်မှ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းခဲ့မှုနှင့် ဆက်စပ်နေသူ အဆင့်မြင့်အရာရှိတစ်ဦးကို အမေရိကန်စစ်ဘက်က စွဲချက်တင်ရန် စီစဉ်နေကြောင်း ဝါရှင်တန်ပို့စ်နှင့် သည်နယူးယောက်တိုင်းမ် သတင်းစာတို့က ရှေ့နေတစ်ဦးကို ကိုးကား၍ ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

အဘူဂါရိုပ်ထောင်မှ စစ်ဆေးရေး အကြီးအကဲဟောင်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး စတီဗင်အယ်လ် ဂျော်ဒန်သည် တာဝန်လစ်ဟင်းမှု၊ စုံစမ်းစစ်ဆေးရေးမှူးများကို လိမ်လည်ပြောကြားမှုနှင့် အရာရှိတစ်ဦး၏ အပြုအမူနှင့် ဆီလျော်အောင် မပြုမူမှု စသည့် ပြစ်ချက်များဖြင့် စွဲချက်တင်ခံရဖွယ်ရှိသည်ဟု အဆိုပါ သတင်းစာများက ရေးသားသည်။

၎င်းသည် အဘူဂါရိုပ်အကျဉ်းထောင်မှ အကျဉ်းသားအပေါ် နှိပ်စက်ညှဉ်းပန်းမှု စွပ်စွဲခံရသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ ရင်ဆိုင်ကြုံတွေ့နေရာတွင် အဆင့်အမြင့်ဆုံးသော အရာရှိတစ်ဦးဖြစ်သည်။

အဘူဂါရိုပ်ထောင်တွင် အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုကြောင့် အဆင့်နိမ့် အရာရှိ ၁၀ ဦး တို့ကို တရားစီရင်အပြစ်ပေးခဲ့ပြီးဖြစ်သည်။ ဒုတိယဗိုလ်မှူးကြီး ဂျော်ဒန်သည် နောက်ဆုံးအဆင့်မြင့်အရာရှိ တစ်ဦးဖြစ်ပြီး ၎င်း၏ပြစ်ဒဏ်အတွက် တရားစီရင်မှုမပြုရသေးကြောင်း သည်နယူးယောက်တိုင်းမ် သတင်းစာက ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ။

အာရှ–ပစိဖိတ်ဒေသ လုံခြုံရေးဆိုင်ရာ အစည်းအဝေးကျင်းပ

မနီလာ ဧပြီ ၂၇

အာရှ–ပစိဖိတ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ ပြည့်စုံလာစေရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု အထူးလိုအပ်ကြောင်း ဖိလစ်ပိုင် အမျိုးသားရဲချုပ် အာတူရိုလိုမီဘာအိုက ဧပြီ ၂၆ ရက်တွင် ပြောကြားသည်။

မနီလာမြို့ ကမ်ဘရွမ်ဒေသ ရဲဌာနချုပ်တွင်ကျင်းပသည့် အရှေ့အာရှလုံခြုံရေးအစည်းအဝေးသို့ ကိုယ်စားလှယ် ၂၆ ဦး တက်ရောက်ကြောင်း လိုမီဘာအိုက ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်မှုခင်းနှင့်အကြမ်းဖက်မှုတို့ကို တိုက်ဖျက်ရာတွင် လုံခြုံရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတကာနှင့် အာရှ–ပစိဖိတ်ဒေသများတွင် အကြမ်းဖက် ခြိမ်းခြောက်မှုများရှိကြောင်း လိုမီဘာအိုက ပြောဆိုသည်။

သုံးရက်ကြာ ကျင်းပသော ထိုအစည်းအဝေးတွင် ဒေသဆိုင်ရာ လုံခြုံရေးပြဿနာများ၊ အနာဂတ်ကာလပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များနှင့် လုံခြုံရေးဆိုင်ရာပြဿနာများအတွက် သုံးသပ်ဆွေးနွေးကြသည်။

အာရှ–ပစိဖိတ်ဒေသ လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းများအတွက် အရှေ့အာရှ လုံခြုံရေးအစည်းအဝေးကို နှစ်စဉ်ကျင်းပသည်။ အဆိုပါ အစည်းအဝေးကို ၁၉၆၈ ခုနှစ်မှစ၍ ကျင်းပပြုလုပ်လာခဲ့သည်။

၂၀၀၆ ခုနှစ် အရှေ့အာရှလုံခြုံရေးအဖွဲ့အစည်းအဝေးသို့ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ မာရှယ်ကျွန်း၊ မွန်ဂိုလီးယား၊ နီပေါ၊ ရုရှား၊ စင်ကာပူ၊ ထိုင်း၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဧပြီ ၂၉ ရက်က ဘရာဇီးနိုင်ငံရှိ အမေဇုန် မိုးသစ်တောတွင် တရားမဝင် သစ်ခုတ်လှဲ ထုတ်ယူမှုများ ပြုလုပ်ခြင်းကို ဂရင်းပိစ်အဖွဲ့က ကန့်ကွက်ဆန္ဒပြစဉ်။

ဓာတ်ပုံ–အင်တာနက်။

ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးထိုးနှံ

ဟနွိုင်း ဧပြီ ၂၇

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ကြက်ငှက်များကို ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးထိုးခြင်းကို အရှိန်မြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကြက်ငှက်များကို ပြန်လည်မွေးမြူထားရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းစာက ဧပြီ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ပြည်နယ်များနှင့် မြို့ ၃၃ မြို့တွင် ဖေဖော်ဝါရီလ နှောင်းပိုင်းမှစတင်၍ ကြက်အကောင် သန်း ၃၀ နှင့် ဘဲအကောင် ၁၅ သန်းတို့ကို ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးများ ထိုးနှံခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကာကွယ်ဆေးထိုးနှံခြင်း ပထမအသုတ်အဖြစ် ပြည်နယ် ခြောက်ခုတွင် ကာကွယ်ဆေးထိုးနှံမှုဆောင်ရွက်ပြီးခဲ့ကြောင်း ဆိုင်ရှန်လီဘီရာရှင်း သတင်းဌာနက ဖော်ပြခဲ့သည်။

ကြက်ငှက်ရောင်းချမှု ဈေးနှုန်းမြင့်မားလာပြီး ကြက်ငှက်မွေးမြူရေးလုပ်ငန်း ပြန်လည်တည်ထောင်နိုင်ရန် ဗီယက်နမ်နိုင်ငံသည် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၆–၂၀၁၀ ပြည့်နှစ်ကာလတွင် ကြက်ငှက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရန်အတွက် ဗီယက်နမ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၅သန်းအကူအညီပေးရန် နိုင်ငံတကာအဖွဲ့အစည်းများက မကြာသေးမီက သဘောတူညီခဲ့ကြကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ရေးသားဖော်ပြခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ဗီယက်နမ်ပြည်နယ်နှင့် မြို့ ၄၄ ခုတွင် ကြက်ငှက်သန်းပေါင်း ၄ဒသမ ၈သန်းနီးပါးကို သတ်ဖြတ်ခဲ့ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ကြက်ငှက်အရေအတွက်များအားလုံး၏ ၂ရာခိုင်နှုန်းရှိကြောင်းဖော်ပြထားသည်။

ဗီယက်နမ်တွင်ယခုအခါ ကြက်ငှက်အကောင်ရေ စုစုပေါင်း သန်း ၂၂၀ နီးပါးရှိကြောင်း၊ ကြက်ငှက်တုပ်ကွေး မဖြစ်ပွားသည်မှာ လေးလကျော်မျှရှိပြီဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ယာဉ်တစ်စီးအနီး ကစားနေသည့် ကလေးနှစ်ဦးကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။

ဓာတ်ပုံ–အင်တာနက်။

အမေရိကန်နိုင်ငံက အီရန်ကို တိုက်ခိုက်ခဲ့ပါက ကမ္ဘာတစ်ဝန်းရှိ ကန်၏အကျိုးစီးပွားများ ပျက်စီးနိုင်

တီဟီရန် ဧပြီ ၂၇

အမေရိကန်နိုင်ငံက အီရန်နိုင်ငံကို တိုက်ခိုက်ခဲ့ပါက အီရန်က ကမ္ဘာ့နေရာအသီးသီးရှိ အမေရိကန်၏ အကျိုးစီးပွားများကို အန္တရာယ်ပေးမည်ဟု ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။ အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာအပေါ် သံတမန်နည်းလမ်းဖြင့် မဖြေရှင်းနိုင်ပါက အမေရိကန်နိုင်ငံက စစ်ရေးအရ တိုက်ခိုက်ရန် ရွေးချယ်ထားသည်ဟုဆိုသည်။

ပြောကြား

ယူရေနီယံသန့်စင်ရေးလုပ်ငန်းများ ရပ်ဆိုင်းစေရေးအတွက် ကုလသမဂ္ဂ၏ တောင်းဆိုချက်အပေါ် အီရန်လိုက်နာမှုရှိ၊ မရှိ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ထုတ်ဖော်ပြောကြားခြင်း မရှိမီ အီရန် ခေါင်းဆောင် အယာတိုလာအလီခါမေနီက ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ရပ်ဆိုင်းမည်မဟုတ်

ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို ရပ်ဆိုင်းမည်မဟုတ်ဟု အီရန်က ပြောကြားပြီး ယင်းသန့်စင်ရေးလုပ်ငန်းသည် အရပ်ဘက်သုံးအတွက်သာဖြစ်ပြီး အမေရိကန်နိုင်ငံက ပြောကြားသကဲ့သို့ အဏုမြူဗုံးလုပ်ရန် မဟုတ်ကြောင်း အီရန်က ဆိုသည်။

အီရန်ကို အမေရိကန်နိုင်ငံက တိုက်ခိုက်ခဲ့ပါက ကမ္ဘာတစ်ဝန်းရှိ အမေရိကန်၏ အကျိုးစီးပွားများ ထိခိုက်ပျက်စီးမည့်အန္တရာယ်ရှိသည်ကို အမေရိကန်တို့ သိရှိထားသင့်ကြောင်း ခါမေနီက ပြောကြားခဲ့သည်။

အီရန်နိုင်ငံက တိုက်ခိုက်ခံရသည့် ပမာဏထက် နှစ်ဆကြီးသည့်အင်အားဖြင့် ပြန်လည်တိုက်ခိုက်မည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့၊ နာယက အဖွဲ့ဝင်များ၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာပေ၊ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် အကောင်းဆုံး စာတမ်းပထမဆုရရှိသည့် ဧရာဝတီတိုင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ဆောင်ပေးအပ်သည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ၂၀၀၅ ခုနှစ်အတွက် လုပ်ရှားမှုထူးချွန်ဆု ရရှိသော တိုင်းများအား ဆုများကို ချီးမြှင့်ရာ ပထမဆုရရှိခဲ့သည့် ရန်ကုန်တိုင်းအား ဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းအား ဆုငွေကျပ် နှစ်သိန်းကို လည်းကောင်း၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်းအား ဆုငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ နှစ်သိမ့်ဆု ရရှိကြသည့် စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း(အရှေ့)တို့အား ဆုငွေကျပ် တစ်သိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ၂၀၀၅ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုရရှိသော ပြည်နယ်များအား ဆုများကို ချီးမြှင့်ရာ ပထမဆုရရှိသည့် မွန်ပြည်နယ်အား ဆုငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အား ဆုငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အား ဆုငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အား ဆုငွေကျပ် တစ်သိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အကောင်းဆုံးစာတမ်းဆု ရရှိကြသော ပြည်နယ်နှင့် တိုင်းများအား ဆုများကိုချီးမြှင့်ရာ ပထမဆုရရှိသည့် ဧရာဝတီတိုင်းအား ဆုငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းအား ဆုငွေကျပ် ၁၅၀၀၀၀ ကိုလည်းကောင်း၊ တတိယဆုရရှိသည့် မန္တလေးတိုင်းအား ဆုငွေကျပ် တစ်သိန်း ကိုလည်းကောင်း၊ နှစ်သိမ့်ဆု ရရှိကြသည့် မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့အား ဆုငွေကျပ်ငါးသောင်းစီ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဝေဝေသာက ပတ်ဝန်းကျင် ကျန်းမာရေးအထူးဆု (ယင်လုံအိမ်သာလွှမ်းခြုံမှု) ရရှိသည့် မန္တလေးတိုင်းအား ဆုငွေကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်အေးအေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထုတ်ဝေသော "မေတ္တာစမ်းရေ"မဂ္ဂဇင်းအတွက် တာဝန်ယူဆောင်ရွက်ပေးကြသော စာပေပညာရှင်ကြီးများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွှန့်က အသင်းမှ ရိုက်ကူးထုတ်လုပ်ခဲ့သော "ရင်ထဲကရဲတိုက်" ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် အနုပညာရှင်များနှင့် တေးဂီတအဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ၂၀၀၅ ခုနှစ် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရရှိသည့် မွန်ပြည်နယ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘဒ္ဒန္တပဏ္ဍိစ္စ ဂုဏဝိသိဋ္ဌ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၆ခုနှစ် ဇန်နဝါရီ၄ရက် (လွတ်လပ်ရေးနေ့)တွင် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော် မဟာသဒ္ဓမ္မ ဇောတိကဓဇ သာသနာပြုဘွဲ့ ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်းတိုက် နာယက ဘဒ္ဒန္တပဏ္ဍိစ္စအား ဂုဏဝိသိဋ္ဌ ဂုဏ်ပြုပူဇော်ပွဲကို ကဆုန်လဆန်း ၁၀ ရက်၊ မေ ၆ရက် (စနေနေ့)တွင် ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပါ၍ တပည့်ဒကာ၊ ဒကာမများ ဂုဏ်ပြုပူဇော်ကြရန်နှင့် အလှူငွေ လှူဒါန်းလိုသူများ ပူဇော်ပွဲ ကျင်းပရေးအဖွဲ့ ဖုန်း ၆၀၀၀၂၈ နှင့် ၆၀၀၂၁၄ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝါယမ (ဓမ္မာစရိယ) အရှင်သူမြတ်အား ဂုဏ်ပြုပူဇော်ပွဲကို မေ ၆ ရက် (စနေနေ့)တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင် အမှတ်(၃) ကျေးရွာ ဇေယျာတောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အထက(၂) လှိုင် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

အထက(၂) လှိုင် (ယခင်ဒေါ်သာထက်အထက်တန်းကျောင်း)၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇွန် ၄ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပနိုင်ရေးအတွက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီအစည်းအဝေးကို မေ ၁ရက် မွန်းလွဲ ၁နာရီတွင် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးမင်းဇော် ဖုန်း-၅၃၄၉၃၆၊ ဆရာမ ဒေါ်အေးအေး ဖုန်း-၅၁၆၀၆၄၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၇၂၅၆၀၈၊ ဦးအောင်သန်း ဖုန်း-၅၂၅၀၃၃နှင့် ၇၂၆၅၇၁တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

လှိုင်သာယာမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် စက်ရုံငါးရုံနှင့် လူနေအိမ်ခြေ ၂၀၀ကျော် အမိုး၊ အကာများ ပျက်စီးဆုံးရှုံး

နေပြည်တော် ဧပြီ ၂၉

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်အတွင်း ဧပြီ ၂၈ရက် ည ၁၀ နာရီခန့်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်မှုဇုန်မှ စက်ရုံငါးရုံနှင့် လူနေအိမ်ခြေ ၂၀၀ ကျော် အမိုးအကာများ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် စက်မှုဇုန်အမှတ်(၃)နှင့် (၄)ရှိ မြန်မာအေပရယ် အထည်ချုပ်စက်ရုံ၊ မြန်မာဆန်နီဖိနပ်စက်ရုံ၊ ဝမ်းဒါးပေါင်မုန့်စက်ရုံ၊ ထာဝရစောင်စက်ရုံနှင့် မက်စ်အချိုရည်စက်ရုံတို့၏ အမိုးနှင့် အကာအချို့ ပြိုကျပျက်စီးကာ အမှတ် (၁၅)ရပ်ကွက်၊ အမှတ် (၁၉)ရပ်ကွက်၊ ရွှေလင်ပန်းကျေးရွာနှင့် ကဇင်ကျေးရွာတို့မှ အိမ်ခြေ ၂၀၀ ကျော် အမိုးနှင့် အကာများ ပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံးကာ ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိကြသူများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံတို့သို့ ပို့ဆောင်ကုသလျက်ရှိသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဒဏ်ခံရသည့် နေရာများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး လေဘေးဒဏ်သင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ လိုအပ်သည်များကို ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

▲ မြန်မာနိုင်ငံမှ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ပြည်နယ်နှင့်တိုင်းများအလိုက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ်အတွက် **"မနောမြေမှ ပြုံးပန်းတစ်ရာ ဝေဆာပွင့်ဖူးတို့ကြည်နူး"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်မြင့်က လည်းကောင်း၊ ကယားပြည်နယ်အတွက် **"(၅)နှစ်အောက်ကလေးများ ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်နှင့် အိပ်သည့်အမူအကျင့် လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူးကိုယ်စား ဒေါက်တာထွန်းလွင်ကလည်းကောင်း၊ ကရင်ပြည်နယ်အတွက် **"ကိုယ်ဝန်ဆောင်မိခင်များတွင် သွေးအားနည်းရောဂါရှာဖွေခြင်းနှင့် ကျန်းမာရေးပညာသိရှိမှု လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးနောင်ကလည်းကောင်း၊ ချင်းပြည်နယ်အတွက် **"လုံခြုံစိတ်ချမိခင်ဘဝ"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်အောင်ကျော်က လည်းကောင်း၊ စစ်ကိုင်းတိုင်းအတွက် **"ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးပြီးမိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု ရယူခြင်းအခြေအနေကို လေ့လာခြင်း"** စာတမ်းကို ဒေါက်တာကျော်ရှိန်ကလည်းကောင်း၊ တနင်္သာရီတိုင်းအတွက် **"ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရဆိုင်ရာ သိနားလည် ခံယူဆောင်ရွက်မှုကို လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်လှကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့) အတွက် **"ပြည်သူလူထုအခြေပြု အာဟာရစောင့်ရှောက်ရေးလုပ်ငန်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဌေးအောင်က လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

တင်သွင်းသည့်စာတမ်းများအပေါ် သဘာပတိက သုံးသပ်အကြံပြုဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များက ပြည်နယ်နှင့်တိုင်းများအလိုက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြရာပဲခူးတိုင်း(အနောက်)အတွက် **"မြို့ပြနှင့်ကျေးလက်တို့မှ အနှိုင်းမဲ့မိခင်များအား လေ့လာချက်"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာအေးငြိမ်းကလည်းကောင်း၊ မကွေးတိုင်းအတွက် **"ငှက်ဖျားရောဂါကာကွယ်ဖို့ ဆေးစိမ်ခြင်ထောင်သုံးစွဲစို့"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာအောင်ဝင်းကလည်းကောင်း၊ မန္တလေးတိုင်းအတွက် **"သားနှင့်မိခင်ပြုံးပျော်ရွှင် မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှုတားဆီးကာကွယ်ရေးနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလုပ်ငန်းများတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှု"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်မောင်ထွန်းကလည်းကောင်း၊ မွန်ပြည်နယ်အတွက် **"လုံခြုံစိတ်ချမိခင်ဘဝ"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော်ကလည်းကောင်း၊ ရခိုင်ပြည်နယ်အတွက် **"ရခိုင်ပြည်နယ်အတွင်း အိုင်အိုဒင်းဆား ရာနှုန်းပြည့်သုံးစွဲမှု မြှင့်တင်ရေးလုပ်ငန်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှု"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာခင်အောင်ချိုကလည်းကောင်း၊ ရန်ကုန်တိုင်းအတွက် **"မိခင်ရင်သွေးကျန်းမာမှ လူ့ဘောင်ဘဝစဉ်လှပ လူတိုင်းပါဝင်စောင့်ရှောက်ကြသုတေသန ဆန်းစစ်လေ့လာခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာလှမြင့်ကလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွက် **"မျိုးဆက်သစ်များကြံ့ခိုင်ဖို့ မိခင်ကလေးအသင်းမှ ဝိုင်းဝန်းစို့"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်ကလည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွက် **"ဖူးငုံမာန်ဝင့် လန်းပွင့်ဝေစည် တို့ကူညီ"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာစိုင်းစံဝင်းကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွက် **"ပုံမှန်ကိုယ်ဝန်စောင့်ရှောက်မှုခံယူခြင်း၏ အကျိုးသက်ရောက်မှုအား လေ့လာခြင်း"** စာတမ်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဇင်မာဦးကလည်းကောင်း၊ ဧရာဝတီတိုင်းအတွက် **"မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးတို့၏ လုပ်ငန်းစွမ်းဆောင်ချက်များကို လေ့လာခြင်း"** စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဆွေဝင်းကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။ တင်သွင်းသည့်စာတမ်းများအပေါ် သဘာပတိက သုံးသပ်အကြံပြုဆွေးနွေးသည်။

မွန်းလွဲပိုင်း

ထို့နောက် မွန်းလွဲပိုင်းအစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ တင်ပြကြသည့် အစီရင်ခံစာစာတမ်းများနှင့် စပ်လျဉ်း၍ အထွေထွေဆွေးနွေးကြပြီး သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးမှ ဆုံးဖြတ်ချက်၊ အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်(မူကြမ်း)များကို ချမှတ်ပြီး သဘာပတိက အတည်ပြုပေးသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွက်"မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးတို့၏ လုပ်ငန်းစွမ်းဆောင်ချက်များကို လေ့လာခြင်း" စာတမ်းကို အတွင်းရေးမှူး ဒေါက်တာဆွေဝင်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွက် "ပုံမှန်ကိုယ်ဝန် စောင့်ရှောက်မှုခံယူခြင်း၏ အကျိုးသက်ရောက်မှုအား လေ့လာခြင်း"စာတမ်းကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဇင်မာဦး ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းအတွက်"ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရဆိုင်ရာ သိနားလည် ခံယူဆောင်ရွက်မှုကို လေ့လာခြင်း" စာတမ်းကို အတွင်းရေးမှူး ဒေါက်တာမောင်မောင်လှ ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်သွင်း

ချင်းပြည်နယ်အတွက် "လုံခြုံစိတ်ချ မိခင်ဘဝ" စာတမ်းကို အတွင်းရေးမှူးဒေါက်တာမောင်မောင်အောင်ကျော် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်) အတွက် "မြို့ပြနှင့် ကျေးလက်တို့မှ အနှိုင်းမဲ့ မိခင်များအား လေ့လာချက်" စာတမ်းကို အတွင်းရေးမှူး ဒေါက်တာအေးငြိမ်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်အတွက် "လုံခြုံစိတ်ချ မိခင်ဘဝ" စာတမ်းကို အတွင်းရေးမှူး ဒေါက်တာတင်ဝင်းကျော် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

➡ NLD ပါတီမှ

ပါတီအနေဖြင့်လည်း ပြည်တွင်း၏ အင်အားကိုအလေးမထားဘဲ ပြည်ပအားကိုသာ အလေးထား ဆက်သွယ်ဆောင်ရွက်နေခြင်းများ တွေ့ရှိရသဖြင့်လည်းကောင်း၊ လက်ရှိ နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်း ဆောင်ရွက်နေမှုများကိုသိမြင်ပါလျက် မသိကျိုးကျွန်ပြုပြီး အဆိုးမြင်ဝါဒစွဲကိုင်ကာ အပျက်သဘော ဝေဖန်ပြောဆိုနေမှုများကိုလည်းကောင်း ၎င်းတို့အနေဖြင့် လက်မခံနိုင်တော့ပါကြောင်း။

သို့ပါ၍ ၎င်းတို့သည် လက်ရှိတိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ်အကျိုးပြုသော သန့်စင်မွန်မြတ်သည့်ရပ်တည်မှုကို လိုလားပြီး နိုင်ငံရေးလေ့ကြုံစီးရန် ကြံရွယ်လျက်ရှိသော လူတစ်စုနှင့် ဆက်လက် လက်တွဲရန် မလိုလားတော့ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ နုတ်ထွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ လားရှိုးမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးစိန်မောင်သည် ဧပြီ ၇ ရက်တွင် လည်းကောင်း၊ မြို့နယ်စည်းရုံးရေးမှူး ဦးခင်မောင်ဝင်းသည် ဧပြီ ၁၄ ရက်တွင် လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်နှင့် ပါတီတာဝန်များမှ နုတ်ထွက်ပါကြောင်း မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး(လားရှိုးမြို့)သို့ ၎င်းတို့၏ကိုယ်တိုင် နုတ်ထွက်လွှာများ ပေးပို့ခဲ့ကြသည်။

သို့ဖြစ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါတီဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ယခုအခါ ပါတီဝင် ၁၁ ဦး နုတ်ထွက်သွားပြီဖြစ်သဖြင့် လက်ကျန်အနေဖြင့် ပါတီဝင် ငါးဦးသာ ကျန်ရှိတော့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ရတနာလမ်းမကြီးနေ ရေကြောင်းအင်ဂျင်နီယာ ဦးမြင့်ဝင်း (အငြိမ်းစား) အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းမြင့်(အလက–၄)၊ သမီး–ဆုရည်ဝင်း၊ သား–ဟန်ဖြိုးဝင်းတို့က အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက်သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူးဒေါ်မြင့်မြင့်ခင်ဖေတို့ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

▶ ကျောဖုံးမှ

၎င်းတို့သည် ၂–၄–၂၀၀၂ရက်နေ့က ပြန်လည်ဖွဲ့စည်းသောသိန်းနီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ် အလုပ်အမှုဆောင်အဖွဲ့တွင်ပါဝင်ပြီး ပါတီနိုင်ငံရေးလုပ်ငန်းများကိုသာ သီးသီးသန့်သန့်လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်သူလူထုအကျိုးကို ဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ လုပ်ရပ်များသည် ပြည်ပကို အားကိုးပြီး ပြည်တွင်း၌ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အစိုးရ၏ လုပ်ရပ်များကို အဖျက်သဘော အဆိုးမြင်ဝါဒဖြင့်သာ ရှုမြင်နေခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရန် NLD ၏ညွှန်ကြားမှုလုံးဝမရှိသည့်အပြင်ပါတီဝင်များကလည်း ပါဝင်လုပ်ဆောင်မှုမရှိခြင်းတို့ကြောင့် NLD ပါတီသည် ပြည်သူလူထုနှင့်ကင်းကွာလာခြင်း၊ NLD ပါတီအတွင်း ပုဂ္ဂိုလ်ရေးကိုးကွယ်မှုသဘောရှိနေခြင်းတို့ကို ၎င်းတို့ကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်နေရပါကြောင်း၊ သိန်းနီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မူလကပါတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရှိခဲ့ရာ ဦးဇော်အောင်(ယခင်ဥက္ကဋ္ဌ၊ အမေရိကန်နိုင်ငံသို့ ထွက်ခွာသွား)၊ ဦးစိုင်းအုန်းခမ်း(အဖွဲ့ဝင်၊ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်သို့ ပြောင်းရွှေ့)နှင့် ဒေါ်နန်းပါးအောင်(အဖွဲ့ဝင်၊ မိုင်းရှူးမြို့နယ်သို့ ပြောင်းရွှေ့)တို့ သုံးဦးသည် ပါတီနှင့်ကင်းကွာ ပြောင်းရွှေ့သွားခဲ့ကြပြီဖြစ်ကြောင်း၊ ၎င်းတို့ လက်ကျန်ပါတီဝင် ရှစ်ဦးကလည်း NLD ၏လုပ်ရပ်များသည် ၎င်းတို့ မူလမျှော်မှန်းထားသည်နှင့် ဆန့်ကျင်လျက် လွဲမှားစွာလုပ်ဆောင်နေသည်ကို တွေ့ရှိနေရသဖြင့် သိန်းနီမြို့နယ် NLD အလုပ်အမှုဆောင် တာဝန်များမှလည်းကောင်း၊ NLD ပါတီဝင်အဖြစ်မှလည်းကောင်း အပြီးအပိုင် နုတ်ထွက်ကြောင်းနှင့် သိန်းနီမြို့နယ် NLD ရုံးကို ဧပြီ ၂၃ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)

(30-4)07.P65 1 1/1/32, 4:55 AM

✳ ရော်ဘာစိုက်ပျိုးခြင်းမှ

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့်အပြင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားဝင်ငွေရရှိအောင်လည်း အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း၊ ထို့အပြင် ရော်ဘာစိုက်ပျိုးခြင်းဖြင့် ရှမ်းကုန်းပြင်မြင့်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတရေးကိုပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများအား ဒေသခံပြည်သူများ ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များကို လုံလောက်စွာ ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြန်မာ့ရွှေဖြူရော်ဘာခြံတွင် ရော်ဘာစိုက်ခင်းဧက ၃၂၀ ၌ ရော်ဘာပင်ပေါင်း ၈၇၀၀၀ကို ၁၉၉၇ခုနှစ်မှ စတင်စိုက်ပျိုးခဲ့ပြီး ယခုအခါ ရော်ဘာ ၇၅ဧကေ၌ ရော်ဘာစေးများကို စတင်ခြစ်ယူထုတ်လုပ်လျက်ရှိကြောင်းနှင့် RRM-600 RRM-702နှင့် GT-1 ရော်ဘာမျိုးများကို စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ ကျိုင်းတုံမြို့ရှိ ခေမာရဋ္ဌရပ်တော်မူဘုရားကြီးသို့ သွားရောက်၍ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သစ်တစ်ပင်တောင်သို့ ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က သစ်တစ်ပင်တောင် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဆွဲဆောင်မှု (Tourist Attraction)ဖြစ်စေရန် ကျိုင်းတုံတစ်မြို့လုံးကို အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်သည့် မျှော်စင်တစ်ခုဆောက်လုပ်ရေး ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသသည့် ပဉ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ရက်သတ္တပတ်(၂၀၀၆) အထိမ်းအမှတ်ပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြခန်းများအား ကြည့်ရှုစဉ်။

(ဓာတ်ပုံ– Myanmar Info-Tech)

ဂုဏဝိသိဋ္ဌပူဇာပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အရိမဒ္ဒနာရာမ (ကသစ်ကုန်း) ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်အား နိုင်ငံတော်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ရက်က အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက် ကပ်လှူဒါန်းခဲ့သည်။

မဟာထေရ်မြတ်၏ တပည့် ဒါယကာ၊ ဒါယိကာမများက အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာပွဲကို ၁၃၆၈ခုနှစ် ကဆုန်လဆန်း ၄ရက်၊ ဧပြီ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ သစ်ကုန်းကျောင်းတိုက် ဓမ္မဗိမာန်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

(က–ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ ပဉ္စမအကြိမ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ရက်သတ္တပတ်(၂၀၀၆)အထိမ်းအမှတ်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာအင်ဖိုတက် ကော်ပိုရေးရှင်းလီမိတက် ဒါရိုက်တာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံရှိ အိုင်တီကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာအင်ဖိုတက် ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်က ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်(၂၀၀၆)ပြပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မြန်မာနိုင်ငံ အီလက်ထရွန်းနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာအိုင်စီတီ ရက်သတ္တပတ်(၂၀၀၆)အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၁ ရက်အထိ ကုမ္ပဏီပေါင်း ၇၉ခုတို့က ပြခန်းပေါင်း ၁၅၀ ကို ခင်းကျင်းပြသထားရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။

(သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် တရားပွဲ

ရန်ကုန် ဧပြီ ၂၉

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ [မဟာဓမ္မာစရိယ၊ M.A (Buddhism)]၏ အထူးတရားပွဲကို မေ ၁ ရက်မှ ၃ ရက်အထိ ည ၇ နာရီတွင် စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မွန်ပြည်နယ်ရှိမြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းအုပ်ကြီးများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၂၉

မွန်ပြည်နယ် မြို့နယ် ၁၀မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ မော်လမြိုင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားပွဲ အခမ်းအနားကို ဧပြီ ၂၁ရက်တွင် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်နှင့် မွန်ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့တို့က ပညာရေးဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့် စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးမှာကြားကြပြီး ညွှန်ကြားရေးမှူးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)



မဟာမုနိရုပ်ပွားတော် ဒေသစာရီ ကြွချီအပူဇော်ခံမည်

ရန်ကုန် ဧပြီ ၂၉

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်းမှ ကြီးမှူးသွန်းလောင်းပြီးဖြစ်သည့် မဟာမုနိရုပ်ပွားတော်မြတ်သည် ရန်ကုန်တိုင်းအတွင်း သဒ္ဓါကြည်လင်ပါရမီရှင်များ ဖူးမြော်ကြည်ညိုနိုင်ကြစေရန် မေ ၄ရက်တွင် ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ၅ ရက်တွင် ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သာကေတမြို့နယ်၊ ၆ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ၇ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈ရက်တွင် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ၉ ရက်တွင် ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ အလုံမြို့နယ်နှင့် ၁၀ရက်တွင် စမ်းချောင်းမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်တို့တွင် ညနေ ၅နာရီမှ ည ၉နာရီအထိ ဒေသစာရီ ကြွချီအပူဇော်ခံမည်ဖြစ်သည်။

(ကြေးမုံ)

မိုးရေချိန်စံချိန်သစ်များ ထုတ်ပြန်ကြေညာ

(၂၀၀၆ ခုနှစ် ဧပြီလ ၂၉ ရက်နေ့ မြန်မာစံတော်ချိန် ၁၃း၀၀ နာရီအချိန် ထုတ်ပြန်ချက်)

၂၀၀၆ခုနှစ် ဧပြီလ ၂၉ရက်နေ့ မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန်တွင် အောက်ဖော်ပြပါစခန်းများ၌ ဧပြီလ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ပါသည်–

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင် စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့် နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ဟသ်ာတ	၁၉၁	၇.၅၂	၄၉	၁.၉၁	၂၉–၄–၁၉၉၄	၃၉
၂။	မင်္ဂလာဒုံ	၁၂၃	၄.၈၄	၁၁၈	၄.၆၅	၁၄–၄–၁၉၉၉	၆၀
၃။	မှော်ဘီ	၁၁၄	၄.၄၉	၇၄	၂.၉၁	၂၈–၄–၁၉၆၈	၅၄
၄။	ပဲခူး	၉၂	၃.၆၂	၉၀	၃.၅၄	၂၀–၄–၁၉၆၇	၄၂
၅။	ပြည်	၈၈	၃.၄၇	၄၈	၁.၈၉	၂၆–၄–၁၉၈၄	၄၂
၆။	တောင်ငူ	၅၅	၂.၁၆	၄၂	၁.၆၅	၂–၄–၁၉၇၇	၄၂

ယနေ့ မိုးလေဝသ

(၃၀–၄–၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

အေးချမ်းတည်ငြိမ်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာနေသည့် မိုင်းရှူးမြို့နယ် ဝမ်ဆော့စံပြကျေးရွာ

ရန်ကုန် ဧပြီ ၂၉

နိုင်ငံတော်သည် ရှမ်းပြည်နယ်တစ်ခုလုံး၏ အချက်အချာကျသော ဒေသအားလုံး ကွက်ပြည့်တစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရေးအတွက် တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသတို့ကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် တိုးချဲ့ထူထောင်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မိုင်းရှူးမြို့နယ်၏ နယ်မြေဒေသအားလုံး အေးချမ်းတည်ငြိမ်နေမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာနေသည့် ဝမ်ဆော့ စံပြကျေးရွာသည် မိုင်းနောင်မြို့မှ မိုင်းရှူးမြို့သို့သွားသည့် လမ်းမကြီးပေါ်၌ ရှိသည်။

မိုင်းရှူးမြို့နယ် ဝမ်ဆော့ စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ရက် နံနက် ၈နာရီတွင် အဆိုပါကျောင်းဆောင်သစ် ရှေ့မှခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကျော်ဟန်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းအောင်လှတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် မိုင်းရှူးမြို့နယ် ပညာရေးမှူးဦးမြင့်စိုးက ပညာရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မိုင်းရှူးမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၃၇ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လေးကျောင်းတို့ရှိပြီး ဆရာ၊ ဆရာမဦးရေ ၁၈၀နှင့် ကျောင်းသား၊ ကျောင်းသူဦးရေ ၈၉၈၄ဦးတို့ ရှိကြောင်း၊ ယခင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မိုင်းရှူးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဖြေဆိုသူ ၂၂၃ဦးရှိသည့်အနက် ၁၁၁ဦးတို့ အောင်မြင်သဖြင့် အောင်ချက် ရာခိုင်နှုန်း ၄၉ဒသမ ၇၈ရှိကြောင်း၊ ဝမ်ဆော့စံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ကျောင်းသား၊ကျောင်းသူ ၃၄၅ဦးတို့အား ဆရာ၊ ဆရာမ ၁၆ဦးတို့ဖြင့် ပညာ သင်ကြားပေးလျက်ရှိကြောင်း၊ ယခု ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ၃၀ရှိပြီး ပညာရေးဝန်ကြီးဌာန၏ ငွေကျပ် သိန်း ၅၀ ဖြင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းကူညီမှုဖြင့် ဆောက်လုပ်ခဲ့ကြောင်းဖြင့် တင်ပြသည်။

ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်ရေး မှတ်တမ်းများကို ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းကျော်ဟန်က ကျောင်းအုပ်ဆရာကြီး ဦးညွန့်အောင်ထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ဝမ်ဆော့စံပြကျေးရွာ ရပ်မိရပ်ဖများ၏ ကိုယ်စား ဦးစိုင်းအောင်လှက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝမ်ဆော့စံပြကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး အားမာန်သစ်စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကိုကျင်းပရာ လွိုင်လင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက သုတစာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၏ ငယ်ရွယ်သူများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ဥမ္မာမြင့်က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ်ရေ ၁၀၀ ကိုလည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းအောင်က ရှမ်းစာပေဖြင့် ဝတ္ထုများ၊ စာစောင်များနှင့် ရွှေနိုင်ငံဂျာနယ်စာအုပ် ၆၄အုပ်တို့ကိုလည်းကောင်း ဝမ်ဆော့စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် စာကြည့်တိုက်တာဝန်ခံ ဦးစိုင်းပန္တိထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစံထွန်းက စာအုပ်မျိုးစုံ အုပ်ရေ ၁၅၀ ကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဒေါ်နန်းခမ်းအောင်က စာအုပ်မျိုးစုံ အုပ်ရေ ၁၅၀ကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးစိုင်းပန္တိက စာအုပ်မျိုးစုံ အုပ်ရေ ၁၅၀ ကိုလည်းကောင်း စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို ဆက်လက်ကျင်းပရာ ဝမ်ဆော့စံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူလူထု အင်အား ၅၀၀ကျော်တို့ တက်ရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ မိုင်းရှူးမြို့နယ်တွင် ၂၀၀၆ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၅၅၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၂၃၅ ဧက စိုက်ပျိုးထားရှိပြီး ပျိုးပင်ပေါင်း ၈၃၄၆၉၀၀ကို ပျိုးထောင်ထားရှိပြီး မျိုးစေ့တင်း ၆၀ကို စုဆောင်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ မိုင်းရှူးမြို့နယ်အပါအဝင် လွိုင်လင်ခရိုင်ရှိ မြို့နယ်ကိုးမြို့နယ်၌ ၂၀၀၆ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၄၈၅၀၀စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ ၈၇၉၁ဧက စိုက်ပျိုးထားရှိပြီး ပျိုးပင်ပေါင်း ၄၅၂၆၇၄၆၀ ကို ပျိုးထောင်ထားရှိပြီး မျိုးစေ့တင်းပေါင်း ၁၇၀ကို စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

ဝမ်ဆော့စံပြကျေးရွာတွင် ရှမ်း၊ လီရှော၊ လားဟူ၊ ယင်းနက် စသည့် တိုင်းရင်းသားများ နေထိုင်ကြပြီး ရှမ်းတိုင်းရင်းသားရိုးရာ တိုးနယားအက၊ ကိန္နရီအကနှင့် လီရှောတိုင်းရင်းသားရိုးရာ အတီးအမှုတ်များဖြင့် အခမ်းအနားပွဲတော်များတွင် ကခုန်တီးမှုတ်ကြပြီး ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းပို့၊ ဆွမ်းတော်ကပ်ခြင်း စသည့် ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်းလည်း ဆောင်ရွက်လျက်ရှိကြကြောင်း တွေ့ရှိရသည်။

ဝမ်ဆော့စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌လည်း လွိုင်လင်ခရိုင် ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်များအဖွဲ့သည် လူနာပေါင်း ၁၇၇ဦးတို့အား ဆေးဝါးကုသမှု ပြုလုပ်ပေးကြောင်းလည်း တွေ့ရှိရသည်။

လွိုင်လင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့က စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်ရာ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှက ဦးဆောင်ဆွေးနွေးပြီး ယင်းစကားဝိုင်းသို့ ဝမ်ဆော့စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသူအင်အား ၁၃၅ဦးတို့ တက်ရောက်ခဲ့ကြသည်။

မိုင်းရှူးမြို့နယ်သည် ရတနာမြေဖြစ်သော်လည်း ဒေသခံတိုင်းရင်းသားအများစုသည် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြသဖြင့် စပါး၊ မြေပဲ၊ ပဲပုပ် စသည့် သီးနှံများကို စိုက်ပျိုးပြီး နာနတ်၊ လိမ္မော်များလည်း စီးပွားဖြစ် စိုက်ပျိုးကြသည်။ စိုက်ပျိုးရေ ရရှိသည့် ဟိုက်ပါရေတံခွန် ပတ်ဝန်းကျင်တွင် နှစ်ရှည် သီးနှံပင်များလည်း စိုက်ပျိုးထားရှိကြောင်း တွေ့ရှိရသည်။ ထို့ပြင် ကြက်မွေးမြူရေးခြံများလည်း စီးပွားဖြစ် စနစ်တကျ မွေးမြူကြသည်။

ထို့ကြောင့် မိုင်းရှူးမြို့နယ် ဝမ်ဆော့စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှုကြောင့်ဖြစ်ကြောင်း သိသာထင်ရှားလှသည်။ ဝမ်ဆော့စံပြကျေးရွာအတွင်းနေ အိမ်များတွင် ဝက်၊ ကြက်၊ နွားမွေးမြူရေးကို မိသားစုဝင်ငွေတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်ကြကြောင်း တွေ့ရသည်။

ထို့အပြင် ဝမ်ဆော့စံပြကျေးရွာ၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိရေးအတွက် ရွာတောင်ဘက် ချောင်းလက်တက် ၃ ဒသမ ၂၇ ဖာလုံအကွာမှ ရေကို သွယ်ယူပြီး ရေဂါလန် ၁၄၀၀၀ဆံ့ ရေလှောင်ကန် တည်ဆောက်ပြီး ရေပိုက်လိုင်းအရှည် ပေ ၂၁၆၀ အသုံးပြု၍ နေအိမ်များသို့ ရေဖြန့်ဝေပေးသကဲ့သို့ ရွာ၏ အရှေ့ဘက် ချောင်းလက်တက်မှလည်း စိုက်ပျိုးရေ ရရှိသဖြင့် ကြက်သွန်၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ပြောင်း စသည့် ရာသီပေါ် သီးနှံများကိုလည်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း တွေ့ရှိရသည်။

ဝမ်ဆော့စံပြကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားစေသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ယင်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် ထုတ်လုပ်အသုံးပြုနေပြီး စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများ၌လည်း ကိုယ်ပိုင်ရေအားလျှပ်စစ်၊ မီးစက်များကို အသုံးပြုနေပြီဖြစ်သည်။ ကျေးရွာလူထုအသုံးပြုရန် တယ်လီဖုန်း၊ စာတိုက်များလည်း ထားရှိသဖြင့် ဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဝမ်ဆော့စံပြကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေကိုကြည့်လျှင်လည်း ယခင်က အခြေအနေ အရပ်ရပ်ကြောင့် တစ်ရွာမှတစ်ရွာသို့ သွားလာမှု ခက်ခဲသော်လည်း ယခု တပ်မတော်အစိုးရ လက်ထက်တွင် ဝမ်ဆော့စံပြကျေးရွာသည် မိုင်းနောင်-မိုင်းရှူးလမ်း၊ ကျေးသီး-မိုင်းကိုင်လမ်း၊ မိုင်းရှူး-လဲချားလမ်း၊ မိုင်းရှူး-လားရှိုးလမ်းပေါ်တွင်ရှိသဖြင့် နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာပြေးဆွဲနေသည်ကို တွေ့ရှိရသည်။ ယခုအခါ ၅၄မိုင် ရှည်လျားသည့် မိုင်းရှူး မြို့မှ တန့်ယန်းမြို့သို့ ကတ္တရာလမ်းသစ် ဖောက်လုပ်ပြီးစီးနေပြီဖြစ်သဖြင့် တန့်ယန်းမြို့မှ သံလွင်မြစ်အရှေ့ဘက်ကမ်း 'ဝ'ဒေသရှိ ပန်ဖန့်၊ ပန်ဆန်း၊ ပန်ယန်းနှင့် ပန်စန့်မြို့များသို့လည်း ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ထို့ကြောင့် ဒေသထွက်ကုန် သီးနှံများဖြစ်သည့် စပါး၊ ပြောင်း၊ ကြက်သွန်ဖြူ၊ ပဲပုပ်၊ မြေပဲ၊ ပန်းနှမ်း၊ ပဲစဉ်းငုံ၊ နာနတ် စသည့် သီးနှံများ ဝယ်ယူရောင်းချသည့် ပွဲရုံလုပ်ငန်းများ၊ ဆန်စက်၊ ဆီစက်များဖြင့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နေကြကြောင်း တွေ့ရှိရသည်။

သို့ပါ၍ ဝမ်ဆော့စံပြကျေးရွာသည် ဖွံ့ဖြိုးရေးဒေသဆိုင်ရာစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းမှု၊ ဒေသခံတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကြောင့်လည်းဖြစ်ကြောင်းမှာ သိသာထင်ရှားလှပေသည်။ (သတင်းစဉ်)

ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်ကျင်းပ

ရန်ကုန် ဧပြီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ (၄၂)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဇနီးပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဒုတိယဝန်ကြီးနှင့် ဇနီးပရိသတ်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ ဒုတိယဝန်ကြီးနှင့် ဇနီးပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

ခရမ်းမြို့ရှိ စိန်နှင်းဆီရွှေတံတားသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၇)ရပ်ကွက်ရှိ ပျက်စီးယိုယွင်းနေသော ချောင်းကူးတံတားကြီးကို ရန်ကုန်မြို့နေ အလှူရှင် ဦးစိန်ဝင်း၊ ဒေါ်နှင်းဆီ မိသားစုတို့၏ ငွေကျပ်သိန်း ၂၅၀ ကျော် တန်ဖိုးရှိ သံကူကွန်ကရစ်ရက်မများဖြင့် အသစ်ပြန်လည် ဆောက်လုပ်ခဲ့သည့် စိန်နှင်းဆီ ရွှေတံတားသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက်တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဦးက ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင် ဦးစိန်ဝင်းက တံတား တည်ဆောက်လှူဒါန်းရန် စိတ်စေတနာပေါ်ပေါက်လာမှုများကို လည်းကောင်း၊ စေတနာဖြင့် တံတားတည်ဆောက်မှုတွင် အချိန်ပြည့် ကြီးကြပ်ကူညီခဲ့သူ ရွှေပန်းထိမ်ဆရာကြီး ဦးဝင်းမောင်က တံတားကြီး၏ အကျိုးရှိမှုနှင့် ကုန်ကျမှုကိုလည်းကောင်း၊ ရပ်ကွက်ပြည်သူလူထုကိုယ်စား ဦးမြသောင်းက ကျေးဇူးတင်စကားကို လည်းကောင်း ရှင်းလင်းပြောကြားကြကာ စိန်နှင်းဆီရွှေတံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့ လွှဲပြောင်းလှူဒါန်းသည်။

ထို့နောက် စိန်နှင်းဆီ ရွှေတံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဦးနှင့် အလှူရှင် ဦးစိန်ဝင်း၊ ဒေါ်နှင်းဆီ မိသားစုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

အလှူရှင် ဦးစိန်ဝင်း ဒေါ်နှင်းဆီမိသားစုက ငွေကျပ်သိန်း ၂၅၀ကျော် တန်ဖိုးရှိ စိန်နှင်းဆီရွှေတံတားသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဦးထံ လွှဲပြောင်းပေးစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဝမ်ဆော့စံပြကျေးရွာ အားမာန်သစ်စာကြည့်တိုက်အတွက် လွိုင်လင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ အရာတော်ရေလှောင်တမံ
- ၈း၂၅ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say It In English
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
- ၁၁း၅၀ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "သူများပြောတိုင်း တို့မယုံ" (လွင်မိုး၊နိုင်သင်းကြည်) (ဒါရိုက်တာ-ကိုဇော်-အရုဏ်ဦး)**
- ၁း၄၅ ၆။ အကပြိုင်ပွဲ
- ၁း၅၀ ၇။ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ(အပိုင်း-၂)
- ၂း၀၅ ၈။ အဆိုပြိုင်ပွဲ
- ၂း၁၅ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊စိန်ပွက်ထော်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
- ၂း၂၀ ၁၀။ အတီးပြိုင်ပွဲ
- ၂း၃၅ ၁၁။ မင်းလှရေလှောင်တမံ
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၂း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅း၁၀ ၆။ အတီးပြိုင်ပွဲ
- ၅း၁၅ ၇။ တေးဂီတအစီအစဉ်
- ၅း၂၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ Discovery
- ၆း၅၀ ၁၂။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၁၀)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၄၀)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ပျိုးရွယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ပျိုးရွယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်း(၂၀၀၆)ဆင်းပွဲကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဆင်း ဂုဏ်ပြုစကားပြောကြားသည်။

ဆုများပေးအပ်

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့က သင်တန်း၌ ထူးချွန်ဆုရရှိကြသော သင်တန်းသား၊ သင်တန်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အတွင်းရေးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။

ယင်းနောက် ပထမဆုရရှိသည့် ပန်းဘဲတန်းမြို့နယ်မှ မောင်အောင်ငြိမ်းမြတ်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၄ရက်မှ ယနေ့အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၄၈ဦးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ပျိုးရွယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်း(၂၀၀၆)ဆင်းပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ပျိုးရွယ်သူမျိုးဆက်ပွား ကျန်းမာရေးသင်တန်း(၂၀၀၆)ဆင်းပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၄–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅	ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ခင်ဘုဏ်း)
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	The Fifth Myanmar ICT Week 2006 (သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ)
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	Myanmar Video Rhythm
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ပရိတင်းခါတ်ကြွယ်ဝဖို့ ငါးအသားလွှာစားကြစို့
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ဆန်းသစ်လှပ ရော်ဘာရွက်ပန်းအလှ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	နိုင်ငံတကာ အနုပညာရေးရာ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	**အစီအစဉ်**
၉း၀၀	EPL ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Sports (Live)
၉း၂၅	Tottenham-Bolton
လိုင်း	5-Sports (Live)

ပရီမီယာလိဂ် ချန်ပီယံဆုဖလား ချယ်လ်ဆီး နှစ်နှစ်ဆက်တိုက် ဆွတ်ခူး

လန်ဒန် မေ ၂၉

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၇)ကို စနေနေ့ကကျင်းပရာတွင် ချယ်လ်ဆီးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ် ဆုဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူး ရယူသွားပြီဖြစ်သည်။

လန်ဒန်ရှိ စတမ်းဖို့ဒ် ဘရစ်ဂျ်ကွင်းတွင် ကျင်းပသော ယင်းပွဲတွင် ချယ်လ်ဆီးအသင်းအတွက် ဖွင့်ဆော်ဦး ဂိုးသွင်းပေးခဲ့သူမှာ ပြင်သစ်လူမျိုး နောက်တန်းသမား ဝီလျံဂေါလက်စ်ဖြစ်သည်။ ပွဲချိန် ၅ မိနစ်မှာပင် ဂေါလက်စ်က ခေါင်းတိုက်ဂိုးသွင်းနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲချိန် ၆၁ မိနစ်တွင် ဂျိုကိုးလ်က ဒုတိယ မြောက်ဂိုးကိုသွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် ပွဲသိမ်းအနိုင်ဂိုးကို ရီကာဒိုကာဗယ်ဟိုက ပွဲချိန် ၇၃ မိနစ်တွင် သွင်းယူခဲ့ပြီး ချယ်လ်ဆီး အသင်းသားများ ၎င်းတို့၏ ပရိသတ်ရှေ့မှောက်တွင် ပြတ်ပြတ်သားသား အောင်ပွဲခံခဲ့ကြသည်။

ချယ်လ်ဆီးအသင်းသည် ချန်ပီယံဆုဖလားကို ထွေးပိုက်နိုင်သော်လည်း မန်ချက်စတာယူနိုက်တက်အသင်းမှ ဝိန်းရူနီမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်း၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မျှော်လင့်ချက် ပျက်ပြယ်သွားဖွယ်ရှိနေသည်။ အင်္ဂလန်အသင်း၏ အထင်ကရ ဘောလုံးသမား ရူနီသည် ကမ္ဘာ့ဖလားပွဲ၌ ပါဝင်ဆင်နွှဲရန် ၄၂ ရက်မျှသာ လိုတော့ချိန်တွင် ထိခိုက်အနာတရ ရရှိခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘာမင်ဂန် (၀–၀) နယူးကာဆယ်
လီဗာပူး (၃–၁) အက်စတွန်ဗီလာ
မန်စီတီး (၁–၂) ဖူလ်ဟမ်
မစ်ဒယ်ဘရော့ (၀–၁) အဲဗာတန်
ဝီဂန် (၁–၂) ပို့စ်မောက်

အင်တာနက်။

ပျော်ရွှင်စွာအောင်ပွဲခံ

မေ ၂၉ ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ် ဘရစ်ဂျ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲအပြီးတွင် ချန်ပီယံ ဆုဖလားရရှိသည့် ချယ်လ်ဆီး အသင်းသားများ ပျော်ရွှင်စွာ အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မန်ချက်စတာ ယူနိုက်တက်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ပရီမီယာလိဂ် ဆုဖလားကြီးကို အမွှန်အမြတ်ပြုကာ နမ်းရှုပ်နေသည့် ချယ်လ်ဆီး တိုက်စစ်မှူး ဟာနန်ခရက်စပိုအား တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

ဖြူးမြို့နယ် ရွာမကြီးကျေးရွာအနီး လယ်ကွင်းတစ်ခု၌ မိုင်းတစ်လုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် မေ ၂၉

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးနေပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံသုံး၍ ဆောင်ရွက်လျက်ရှိရာ မေ ၂၅ရက် နံနက် ၆နာရီခွဲခန့်တွင် ပဲခူးတိုင်း ဖြူးမြို့နယ် ရွာမကြီးကျေးရွာမှ မောင်ခင်ဝင်း(၁၈)နှစ်သည် ကညွတ်ကွင်း–မိဿလင်သွား ကားလမ်းနံဘေး ရွာမကြီးကျေးရွာအနီး၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားခဲ့သည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲသဖြင့် ဝဲဘက်ခြေဖျားများ ပြတ်ထွက်ကာ ဝဲဘက်ခြေသလုံးနှင့် ဒူးခေါင်းတို့၌ မိုင်းစများထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သူ မောင်ခင်ဝင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သောဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က လိုက်လံရှင်းလင်း ဖော်ထုတ်လျက်ရှိသည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် ရန်ကုန်–ညောင်တုန်း လမ်းမကြီးရှိ လှိုင်သာယာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ နံနက် ၇ နာရီတွင် ရောက်ရှိလာရာ ရုံးခန်းမ၌ ဒုတိယ မြို့တော်ဝန်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန ခေတ္တဌာနမှူး ဒေါက်တာ ဒေါ်ရှုကြည်၊ လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ တင်တင်စိန်၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်တိုင်း စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ခရိုင်၊ မြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့တွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ် ဧပြီလအထိ သွေးလွန်တုပ်ကွေးရောဂါ လအလိုက်၊ နှစ်အလိုက်နှင့် အသက်အရွယ် အပိုင်းအခြားအလိုက် ဖြစ်ပွားခဲ့မှု၊ ရောဂါကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ရပ်ကွက်များ၊ ကျောင်းများတွင် ပိုးလောက်လမ်းများ စစ်ဆေးဆောင်ရွက်မှုတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဒုတိယမြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ပပျောက်မှုရှိစေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်း၍ စီမံချက်များချမှတ်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ ဇောတိကလမ်း၊ ဇဋိလလမ်း၊ အောင်ဘောဂလမ်းနှင့် ခိုင်ရွှေဝါလမ်းတို့တွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် စည်ပင်သာယာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်းရေကန်များအတွင်း ABADEဆေးခတ်ခြင်း၊ဖုန်းသွန်လဲစစ်စနစ် ကျင့်သုံးရေး ပညာပေးဆောင်ရွက်ခြင်းနှင့် ဇောတိကလမ်းရှိ အမှတ် (၃၁)အခြေခံပညာ မူလတန်း ကျောင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရပ်ကွက်နေ ပြည်သူများအား ပညာပေးဟောပြော ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (၁၉)

သက်တန်းအလိုက် လူငယ်တံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် (၈)ကြိမ်မြောက် အမျိုးသမီး တံခွန်စိုက်နှင့် သက်တန်းအလိုက် (၁၂၊ ၁၄၊ ၁၆၊ ၁၈၊ ၂၀) နှစ်နှင့်အောက် လူငယ် တံခွန်စိုက်ပြိုင်ပွဲများကို မေ ၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန သီတာခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲမှ ၂၀၀၆ ခုနှစ် တစ်နှစ်တာ အမျိုးသမီးချန်ပီယံနှင့် ပဏာမ အမျိုးသမီး မြန်မာ့လက်ရွေးစင်များ ရွေးချယ်မည်ဖြစ်သည်။ သက်တန်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် လူငယ်အားကစားသမားများအား ၂၀၀၆ ခုနှစ် ဇွန်လအတွင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် အာဆီယံ သက်တန်းအလိုက် လူငယ်တံခွန်စိုက်ပြိုင်ပွဲသို့ စေလွှတ်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသမီးများနှင့် လူငယ်အားကစားသမားမောင်မယ်များသည် မေ ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ကိုးမိုင် သီရိကွန်ဒိုနေ ကွယ်လွန်သူ ဆရာဦးခင်လှိုင်အားရည်စူး၍ ဇနီး ဒေါ်လှမူ၊ သားသမီးမြေးတစ်စုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၉

ဒုတိယဗိုလ်မှူးကြီးဝင်းဦး(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဦးသန်းထွန်း(ဆောက်လုပ်ရေး)၊ ဦးခင်မောင်သန်း(ဆောက်လုပ်ရေး)၊ ဦးသန်းဦး (ရတနာဦးပို့ဆောင်ရေး)တို့နှင့် အတူ ယမန်နေ့က မြန်မာ ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Tour Special No.5 ဘောလုံးကို Trident Wood No.5 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

အသက်(၁၄)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော် မြန်မာလူငယ်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည် ပဏာမလက်ရွေးစင် ၂၅ဦး ရွေးချယ်လေ့ကျင့်နေ

ရန်ကုန် ဧပြီ ၂၉

မေ ၂၉ ရက်မှ ဇွန် ၄ ရက်အထိ မလေးရှားနိုင်ငံတွင်ကျင်းပမည့် အသက် (၁၄)နှစ်အောက် အာရှလူငယ် ဘောလုံးပွဲတော် (AFC U-14 Festival 2006) သို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ် ဘောလုံးအသင်းကို ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းလေ့ကျင့်လျက်ရှိသည်။

ကျင်းပခဲ့

အဆိုပါ အာရှယူ–၁၄ ဘောလုံးပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပဏာမ မြန်မာလူငယ်အသင်းကို လေးပွင့်ဆိုင်ခြေစမ်းပွဲမှ ရွေးချယ်ထားသည့် ၂၀ ဦးနှင့် နဝမအကြိမ်မြောက် ယူ–၁၃ ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲမှ အလားအလာရှိသည့် ငါးဦး စုစုပေါင်း ၂၅ဦးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းပဏာမ ယူ–၁၄ အသင်းကို ဖွဲ့စည်းနိုင်ရန်အတွက် အား/ကာသိပ္ပံ(ရန်ကုန်)၊ အား/ကာသိပ္ပံ(မန္တလေး)၊ ညွန့်ပေါင်း(က)နှင့် ညွန့်ပေါင်း(ခ) အသင်းတို့ ပါဝင်သော လေးပွင့်ဆိုင်ခြေစမ်းပွဲကို ဧပြီ ၁ ရက်မှ ၆ ရက်အထိ သုဝဏ္ဏ လေ့ကျင့်ရေးကွင်း(၁)တွင် ကျင်းပခဲ့သည်။

နည်းပြ ဦးချစ်နိုင်က ဤသို့ အနီးကပ် သင်ကြားပြသပေးသည်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ပြိုင်ပွဲဝင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော ပဏာမ လူငယ်လက်ရွေးစင် ၂၅ ဦးမှာ ဂိုးသမား– စဖြိုးဝေစိုး (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ကျော်ကိုကို(၁) (အား/ကာသိပ္ပံ၊ မန္တလေး)၊ အောင်ဝေဖြိုး (အား/ကာသိပ္ပံ၊ မန္တလေး)၊ နောက်တန်း– မျိုးကျော် (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ဇေယျာအောင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ သက်အောင်(ဧရာဝတီတိုင်း)၊ မြင့်စိုး(ရန်ကုန်တိုင်း)၊ အာကာအောင် (ပဲခူး)၊ ရဲမာန်ဝင်း (ပဲခူး)၊ စောဝင်းဌေး (ကရင်)၊ ရဲမြင့်သူ (တနင်္သာရီတိုင်း)၊ အလယ်တန်း– အေးထွန်း(အား/ကာသိပ္ပံ၊ရန်ကုန်)၊ ဖြိုးမောင်မောင်ကျော် (ရန်ကုန်တိုင်း)၊ အောင်ကိုကိုဝင်း (ရန်ကုန်တိုင်း)၊ အောင်စုနိုင် (အား/ကာသိပ္ပံ၊ မန္တလေး)၊ သန့်ဇင်ဝင်း (အား/ကာသိပ္ပံ၊ မန္တလေး)၊ ရှေ့တန်း– ထွန်းမင်းဦး (စစ်ကိုင်းတိုင်း)၊ ရဲဇော်ထက် (ရန်ကုန်တိုင်း)၊ စည်သူ (ပဲခူးတိုင်း)၊ အောင်စည်သူ (မန္တလေးတိုင်း)၊ သန်းထက်အောင် (ရန်ကုန်တိုင်း)၊ အောင်မြင့်ထူး (ရှမ်း/မြောက်)၊ အာကာစိုး (စစ်ကိုင်းတိုင်း)၊ အိုဝင်ပေါင် (စစ်ကိုင်းတိုင်း)နှင့် ကျော်မြင့်ထွန်း (အား/ကာသိပ္ပံ၊ မန္တလေး)တို့ ဖြစ်ကြသည်။

ပဏာမ ယူ–၁၄ အသင်းမှ အောင်ကိုကိုဝင်း လေ့ကျင့်နေစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ယှဉ်ပြိုင်ရမည်

မြန်မာလူငယ်အသင်းသည် အုပ်စု (စ)တွင် ပါဝင်နေပြီး ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ ဘရူနိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာလူငယ် (ယူ–၁၄) အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြဆရာများအဖြစ် ဦးချစ်နိုင်နှင့် ဦးဟန်ထွန်းတို့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ (ကြေးမုံ)

ဒေါက်တာ ဒေါ်လီလီယန်း၊ ဒေါက်တာ ဦးမျိုးဝင်း မိသားစုနှင့် မောင်နှမများက ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးထွန်းကျန်–ဒေါ်ကျင်စိန်တို့အား ရည်စူး၍ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စံပယ်လမ်း ပန်းလှိုင်အိမ်ရာ (ရွှေသံလွင်)နေ ဦးကျင်သိန်း-ဒေါ်ညွန့်ရီ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ်၊ အမှတ်(၁၆)၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ရွှေပြည်သာနေ ဗိုလ်မှူးချုပ်ခင်မောင်အေး-ဒေါ်ခင်ဝင်းအေး၊ သမီး မခိုင်စပါယ်အေး၊ သား ထက်မြက်အောင် မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ နှင့် ရန်ကုန်မြို့ ကမ္ဘာ့ဇရိပ်သာနေ ဦးလှမြိုင်-ဒေါ်ခင်သန်းသန်းက အလှူတော်ငွေကျပ် ၅၀၀၀၀ကို ရန်ကုန်မြို့ မြေနီကုန်း၊ ကျောင်းလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတွင် ဆရာတော် ဦးနန္ဒိယ (တိလောကာရုံ)ရှေ့မှောက်၌ တာဝန်ခံဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာ၊ ရွှေပြည်ဟိန်းကျောင်းကုသိုလ် ဖြစ်ဆေးခန်းအတွက် ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်းနေ ဦးညွန့်ဖေသန်းအား ရည်စူး၍ ဇနီး ဒေါ်သောင်းမြင့်က အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ နွှဲကြမည့် တနင်္သာရီတိုင်းမှ ရိုးရာလက်ဝှေ့အဖွဲ့

လေ့လာတင်ပြသူ-ဇင်လင်းထွန်း(ခနဖြူ)

ရန်ကုန် ဧပြီ ၂၉

မေလဆန်းတွင်ကျင်းပမည့် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲစီစဉ်သူများသည် ခမ်းနားသိုက်မြိုက်ရေးအတွက် ဆောင်ရွက်နေကြသည်။

ပြိုင်ပွဲကြီးတွင်မြန်မာ့ရိုးရာလက်ဝှေ့လောကမှ သူ့ထက်သူ လက်သီးအစွမ်းပြမည့်သူများ ပါဝင်ယှဉ်ပြိုင်မှသာ အဖွဲ့ချုပ်သစ်၏ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲက ပိုမိုမြိုင်ဆိုင်ပြီး အနှစ်သာရရှိမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်အရပ်ရပ်ရှိ ရိုးရာလက်ဝှေ့အဖွဲ့များကို အချိန်ယူကာ ကြိုတင်ဖိတ်ကြားခဲ့သည်။ တနင်္သာရီတိုင်း မြိတ်မြို့မှ မြွေဟောက်မင်း ရိုးရာလက်ဝှေ့အဖွဲ့ကလည်း လာရောက်ယှဉ်ပြိုင်မည်ဟု အကြောင်းပြန်ကြားခဲ့သည်။

၎င်းအဖွဲ့မှ နည်းပြဆရာ ဦးမြင့်ဝေသည် တစ်ချိန်က လက်ဝှေ့ကျော်ရေမြွေအမည်ဖြင့် ရိုးရာလက်ဝှေ့လောကတွင် ကျင်လည်ခဲ့သူဖြစ်ပြီး ယခုအခါ နည်းပြဆရာအဖြစ် မျိုးဆက်သစ် ရိုးရာလက်ဝှေ့သမားလေးများကို ပျိုးထောင်ပေးနေသူဖြစ်သည်။ သူ၏ တပည့်များဖြစ်ကြသော စောအဲလေး၊ ရွှေနိုင်ထွန်း၊ တွေ့မရှောင်၊ စောအုန်းမြင့်၊ အေးအေးလေး၊ နောင်စု (ခ) နဂါးလေးတို့သည် ပြည်နယ်နှင့် တိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူများဖြစ်သည်။ အေး အေးလေးနှင့် နဂါးလေးတို့ဆိုလျှင် (ခ)အဆင့်ပြိုင်ပွဲ၌ပါ ရွှေတံဆိပ်ရရှိခဲ့ကြသော ထပ်ဆင့်ရွှေတံဆိပ်ဆုရှင်များဖြစ်သည်။

ဆရာရေမြွေနှင့် တပည့်ကျော်များသည် တနင်္သာရီဒေသ တစ်ခွင်၌ မြန်မာ့ရိုးရာလက်ဝှေ့ပညာကို ရှင်သန်အောင် ထိန်းသိမ်းထားရင်း ပသျှူးလက်ဝှေ့ကျော်များသာမက မွေထိုင်းလက်ဝှေ့သမားတို့ကိုပါ ခံညားစေခဲ့သည်။ ၎င်းအဖွဲ့မှ စောအုန်းမြင့်သည် ကရင်နှစ်သစ်ကူးပွဲတွင် မွေထိုင်းလက်ဝှေ့ကျော် ဝိဟုတ်အား ဒုတိယအချီ၌ အလဲထိုးခဲ့သည်။ ယခုပြိုင်ပွဲကြီးသို့ ၎င်းအဖွဲ့မှ ဝါရင့်လက်ဝှေ့ကျော်များသာမက တိုက်ဂါးမောင်ကဲ့သို့သော တက်သစ်စလက်ဝှေ့သမားများပါ အင်အားပြည့်လာရောက် ယှဉ်ပြိုင်မည်ဟု သိရှိရသည်။



ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် စောအုန်းမြင့် (တနင်္သာရီ) မြွေဟောက်မင်း ရိုးရာလက်ဝှေ့အဖွဲ့။

တနင်္သာရီဒေသမှ လက်ဝှေ့ကျော်များနှင့် စိန်ခေါ်ပွဲများတွင် သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော ရန်ကုန်မြို့ မြောက်ဥက္ကလာဘုန်းကြီးလမ်းရှိ အလင်းရောင် ရိုးရာလက်ဝှေ့အဖွဲ့မှ လက်ဝှေ့ကျော်များကလည်း ယခုပြိုင်ပွဲတွင် မည်သူက ရွှေခါးပတ်နှင့် ထိုက်တန်ကြောင်း ပြသရန်အတွက် အားမွေးလျက်ရှိကြသည်။

ဆရာ လှစိုးဦး တည်ထောင်ထားသည့် အလင်းရောင် ရိုးရာလက်ဝှေ့အဖွဲ့တွင် စိန်သံမဏိ၊ ရန်ကြီးအောင်၊ အာကာဟိန်း၊ ဟိန်းညီညီ၊ မိုက်တိုင်စန်၊ ဖိုးစိုးတို့သည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းအတွင်းမှ လက်ဝှေ့ကျော်များနှင့် အသည်းချင်းထပ်၍ ပွဲပြတ်အောင် ရေကုန်နွဲ့ခဲ့ကြသူများဖြစ်သည်။ ရန်ကြီးအောင်သည် City FM အောင်လံလုပွဲ နှစ်ကြိမ်စလုံးတွင် ပြိုင်ဘက်လက်ဝှေ့သမားများကို စက္ကန့်ပိုင်းနှင့် ပွဲသိမ်းနိုင်ခဲ့သည့် အမြန်ဆုံးပွဲသိမ်းစံချိန်တင်ခဲ့သူ ဖြစ်သည်။

အလင်းရောင် ရိုးရာလက်ဝှေ့အဖွဲ့ကို တွေ့ရစဉ်။

ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လယ်/ဆည် ရိုးရာလက်ဝှေ့အဖွဲ့သည် နာမည်ကျော် လက်ဝှေ့သမားများစုစည်းနေသည့်အဖွဲ့ဟု ဆိုရမည်။ ဆရာသိဒ္ဓိအောင် နည်းပြအဖြစ် ဆောင်ရွက်နေသော ယင်းအဖွဲ့တွင် ရွှေခါးပတ်ချန်ပီယံဟောင်း ဝင်းထွန်း၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်နှင့် အကောင်းဆုံးလက်ဝှေ့သမားဆုရ ဒေါ့ဂျစ်လေး၊ City FM ပထမအကြိမ် အောင်လံဆုရှင် အေးမိုစိန်တို့ပါဝင်ပြီး မျိုးဆက်သစ်နှင့် စောချစ်ဝင်းတို့လည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

၎င်းအဖွဲ့မှ ဝင်းထွန်းသည် ယခုပြိုင်ပွဲကျင်းပမည့် အမျိုးသားအားကစားရုံ (၁)၌ပင် ဂျပန်မှ ဂျူဂျစ်ဆုချန်ပီယံ ဝါကာဆူကီအား အလဲထိုးအနိုင်ယူခဲ့သူဖြစ်ပြီး ဖိလစ်ပိုင်ဆီးဂိမ်းသို့လည်း သွားရောက်ယှဉ်ပြိုင်ခဲ့သော ဝါရင့်လက်ဝှေ့ကျော်တစ်ဦးဖြစ်ရာ ၎င်း၏ဝိတ်တန်းတွင် ရွှေခါးပတ်ကို ထပ်ဆင့်ဆင်မြန်းနိုင်မည့်သူအဖြစ် တစ်ပြေးနေသည်။ ဒေါ့ဂျစ်လေးကလည်း ထိုးလုံးသတ်လုံး ကောင်းလှသဖြင့် ပရိသတ်ပွဲတောင်းခံရသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ကာ တောင်ကိုရီးယားနိုင်ငံသို့ ဝင်းထွန်း၊ ကျော်တင့်တို့နှင့်အတူ ရိုးရာလက်ဝှေ့ သရုပ်ပြရန် သွားရောက်ခဲ့ဖူးသူဖြစ်ပြီး လက်သီးပြင်းသူအဖြစ် နာမည်ကျော်သည်။ အေးမိုစိန်ကလည်း City FM အောင်လံဆုနှင့် အားမရနိုင်သေးဘဲ ၎င်းဝိတ်တန်း၌ ရွှေခါးပတ် ချန်ပီယံဘွဲ့ ခံနိုင်ရန် အပြင်းအထန် လေ့ကျင့်လျက်ရှိသည်။

ဝင်းထွန်း (ဘောင်းဘီဖြူ) ၏ ထိုးသတ်ဟန်။

ရွှေခါးပတ် ချန်ပီယံဟောင်း ဝင်းထွန်း (လယ်/ဆည်)။

ထိုသို့သော ရိုးရာလက်ဝှေ့အကျော်အမော်များ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ် ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲသည် ကွာတားဖိုင်နယ်မှသည် ဗိုလ်လုပွဲတိုင် ပြိုင်ဆိုင်မှုအားကောင်းသော ပွဲကောင်းများကို ကြည့်ရှုခွင့်ရမည့်ပွဲဖြစ်သည်။

ရွှေခါးပတ်ပွဲသည် ရိုးရာလက်ဝှေ့ပညာ ထွန်းကားပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကျင်းပသော ပြိုင်ပွဲကြီးဖြစ်သည့်အလျောက် မြန်မာပြည်အရပ်ရပ်မှ လက်ဝှေ့အကျော်အမော်များ၏ ယှဉ်ပြိုင်မှုကို တစ်နေရာတည်း၌ ကြည့်ရှုခွင့်ရကြမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အဘိဓမ္မာပြန့်ပွားရေးအသင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်နှင့် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၉

ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်(၄၉/၅၁)ရှိ "အဘိဓမ္မာရတနာဃရ" ဓမ္မဗိမာန်တော်ကြီးတွင် မေ ၅ ရက် နံနက် ၈ နာရီ၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်များ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

မေ ၆ ရက် နံနက် ၈ နာရီတွင် မောင်ရင့်ကျူး(မြောင်းမြ)က "အဘိဓမ္မာဆိုင်ရာ ပျို့၊ လင်္ကာတို့ကို လေ့လာခြင်း"နှင့် စာရေးဆရာချစ်ဦးညိုက "ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုနှင့် သန္တရသ"စာတမ်းတို့ကိုလည်းကောင်း၊ မေ ၇ ရက် နံနက် ၈ နာရီတွင် ဦးအောင်မွန်(မြတ်ဆုမွန်)က "အနောက်နိုင်ငံသို့ အဘိဓမ္မာပြန့်ပွားခြင်း"နှင့် ဆရာသူရဇော်က "အဘိဓမ္မာတရားတော်မြတ် ဖြစ်ပေါ်လာပုံနှင့် အခြေခံသဘောတရား" စာတမ်းတို့ကို လည်းကောင်း ဖတ်ကြားမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ၊ စိတ်ပါဝင်စားသူ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ကြွရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆-ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၂)ရပ်ကွက် မရမ်းခြံ မာလာရုံလမ်း အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတိုက်တွင် ကျောင်းထိုင် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တိက္ခာစာရ ကြီးမှူး၍ "ပ"သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဝိပဿနာပညာတက္ကသိုလ်(ကထိက)ဆရာတော် အရှင်သာသန(မင်းလှ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၉ရက်မှ လပြည့်နေ့အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံတွင် ဇွန် ၉ရက်မှ စတင် ကျင်းပတော့မည်ဖြစ်ရာ အချိန် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ ကမ္ဘာ့ဘောလုံး ဝါသနာရှင်များကလည်း ခြေစစ်ပွဲအောင် အသင်းများ၏ အခြေအနေများကို တစ်စေ့တစ်စောင်း လေ့လာအကဲခတ်လျက်ရှိနေကြသည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ၃၂သင်း ခြေစစ်ပွဲအောင်ပြီး တက်ရောက်လာကြသည်။ လေးသင်း တစ်အုပ်စုဖြင့် အုပ်စု ရှစ်ခုခွဲကာ ပထမအဆင့် ပတ်လည်ကစားကြမည်။ အုပ်စုတစ်စုမှ ပထမ၊ ဒုတိယရရှိကြသော အသင်း နှစ်သင်းစီ စုစုပေါင်း ၁၆သင်းတို့သည် ရှုံးထွက် ဒုတိယအဆင့် ပတ်လည် ထပ်မံကစားကြရမည်။ ထို့နောက် ကွာတား၊ ဆီမီး၊ ဖိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားသွားရမည်။

အုပ်စု (က) ဂျာမနီ၊ ပိုလန်၊ အီကွေဒေါ၊ ကော့စတာ ရီကာ၊ (ခ) အင်္ဂလန်၊ ပါရာဂွေး၊ ထရီနီဒက်နှင့်တိုဘာဂို၊ ဆွီဒင်၊ (ဂ) အာဂျင်တီးနား၊ ဆားဗီးယားနှင့် မွန်တီနီဂရို၊ အိုင်ယာလန်၊ အိုင်ဗရီ ကို့စ်၊ (ဃ) မက္ကဆီကို၊ အီရန်၊ အင်ဂိုလာ၊ ပေါ်တူဂီ၊ (င) အီတလီ၊ ဂါနာ၊ အမေရိကန်၊ ချက်၊ (စ) ဘရာဇီး၊ ခရိုအေးရှား၊ ဩစတြေးလျ၊ ဂျပန်၊ (ဆ)ပြင်သစ်၊ ဆွစ်ဇာလန်၊ တောင်ကိုရီးယား၊ တိုဂို၊ (ဇ) စပိန်၊ ယူကရိန်း၊ တူနီးရှား၊ ဆော်ဒီတို့ ပါဝင်သည်။

ယခုကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကဲ့သို့ပင် အီတလီ၊ ပြင်သစ်၊ စပိန်၊ အာဂျင်တီးနား၊ အင်္ဂလန် စသည်တို့ ရေပန်းစားနေကြသည်။ ထို့အပြင် ကမ္ဘာ့ဖလား ငါးကြိမ် ဆွတ်ခူးခဲ့သော ဘရာဇီးနှင့် အိမ်ရှင် ဂျာမနီအသင်းတို့သည်လည်း လူကြိုက်များသော အသင်းများတွင် ပါဝင်နေကြသည်။

ဂျာမနီ

ဂျာမနီအသင်းသည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရေပန်းစားသော အသင်းများထဲတွင် မပါဝင်သော်လည်း ဖိုလ်လုပွဲသို့ ရောက်ရှိခဲ့သည်။ ယခုအခါ ဂျာမနီအသင်းသည် အိမ်ရှင်ဖြစ်သောကြောင့် လူကြိုက်များသော အသင်းထဲတွင် ဇွဲဆော်ဦး ပါဝင်လာဟန်တူ သည်။

မည်သို့ပင်ဖြစ်စေ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အစဉ်အလာရှိသော အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားကို သုံးကြိမ်တိုင်တိုင် ဆွတ်ခူးထားဖူးသည်၊ ဒုတိယလေး ကြိမ်ရခဲ့ဖူးသည်။ ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အနည်းဆုံး ဆီမီးဖိုင်နယ်သို့ ရောက်မည်ဟု ဂျာမနီဘောလုံး ပရိသတ်က မျှော်လင့်ထားသည်။ ဤသို့သော ယုံကြည်ချက်မှာ ဂျာမနီပြည်သူများအဖို့ အလိုအလျောက် တုံ့ပြန်ချက်ဖြစ်သည်။ ထို့အပြင် အရေးကြီးသောပြိုင်ပွဲများတွင် ဂျာမနီအသင်း၏ လျှို့ဝှက်ဆန်းကြယ်သော စွမ်းပကားများကို ထုတ်ဖော်ပြသလေ့ရှိ၍ ဖြစ်သည်။

ဂျာမနီအသင်း၏ နည်းပြ ဂျာဂျင်ကလင်းစမန်းသည်တစ်ချိန်က ဂျာမနီ၏ အကောင်းဆုံးတိုက်စစ်မှူး တစ်ယောက်ဖြစ်ခဲ့သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဂျာမနီအသင်း ခေါင်းဆောင်နှင့် ကွင်းလယ် ကစားသမားအဖြစ် ပါဝင်လာမည့် မိုက်ကယ်ဘောလက် (နံပါတ်-၁၃) ၏ ကစားဟန်။

တကယ်တမ်းဆို ဂျာမနီအသင်း၏ အလယ်တန်း၌ ကမ္ဘာ့အဆင့်မီကစားသမားဆို၍ "ဘောလက်" တစ်ယောက်သာရှိသည်။ ထို့ကြောင့် မြင့်မားသော ဆန္ဒ၊ ကျစ်လျစ်ခိုင်မာသော စုစည်းညီညွတ်မှုတို့ဖြင့်သာ ကမ္ဘာ့ဖလား၌ ဂျာမနီအသင်းသည် အောင်မြင်မှုရနိုင်မည်ဖြစ်သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသောကြောင့် ဂျာမနီနိုင်ငံသည် အကျိုးအမြတ် များစွာရရှိသည်။ ထို့အပြင် အီကွေဒေါ၊ ပိုလန်၊ ကော့စတာရီကာ စသည့် အသင်းများနှင့် တစ်အုပ်စုတည်း ကျလိုက်သောကြောင့် ဂျာမနီအသင်း၏ ဖိုလ်လုပွဲသွားရာလမ်း ခရီးမှာ ဖြောင့်ဖြူးလျက်ရှိသည်။ သို့သော် နည်းပြဆရာ ကလင်းစမန်းက ယခုအုပ်စုထဲကျသဖြင့် အကောင်းရောအဆိုးပါ နှစ်ခုစလုံးဖြစ်နိုင်ကြောင်း ခပ်လျှိုလျှိုကလေး ထုတ်ဖော်ပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဂျာမနီအသင်းသည် ဆောင်းဦး ကာလချစ်ကြည်ရေး ပွဲများမှခါးသီးသော သင်ခန်းစာများကို အမှတ်ရနေဖို့လိုသည်။ သို့မှသာ ကစားသမားများသည် အကောင်းဆုံး ကစားသွားနိုင်ဖွယ်ရှိသည်။ ယင်းချစ်ကြည်ရေးပွဲများတွင် ပြောလန်ကို ၂-၂ သရေ၊ ဆလိုဗက်ကီးယားကို ၂-၀-၁နှင့် တူရကီကို ၂-၁ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် မီဒီယာများက ဂျာမနီအသင်း၏ နောက်တန်းကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြသည်။ အသင်း၏ ၄း၄း၂ ကစားကွက်ပုံစံကို အသေကိုင် ကစားသောကြောင့် ကွင်းလယ်ဖန်တီး ကစားမှုအပိုင်း အားနည်းရသည်ဟု ထောက်ပြကြသည်။ ထို့အပြင် အိုလီဗာခန်းနှင့် လေမန်တို့ကိုလည်း အလှည့်ကျသုံး ကစားရန် ဝိုင်းဝန်းတောင်းဆိုခဲ့ကြသည်။ အမှန်တကယ် မီဒီယာများ

ဂမ်ဆိုင်း

ပြောချင်သောအချက်မှာ နည်းပြဆရာ ကလင်းစမန်း ကာလီဖိုးနီးယားတွင် နေထိုင်သောကိစ္စဖြစ်သည်။

ဦးဆောင်မှုပေးနိုင်

မီဒီယာများက မည်မျှပင် ဝေဖန်တိုက်ခိုက်စေကာမူ ကလင်းစမန်းသည် ဂျာမနီအသင်းကို အကောင်းဆုံး ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ၂၂ ပွဲကစားရာ ၁၂ ပွဲ အနိုင်ရရှိပြီး လေးပွဲသာရှုံးသည်။ လူငယ်ဘောလုံးသမားများဖြစ်ကြသော တိုက်စစ်မှူး လူကပ်ပိုဒေါစကီး၊ ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ဘတ်စတိန်းနှင့် ချယ်လ်ဆီးမှ ရောဘတ်ဟု (သ်)တို့ကိုလည်း ပွဲထုတ်ပေးသည်။ ထို့ကြောင့် ဂျာမနီ အသင်းမှာ နုပျိုပြီး စိတ်အား ထက်သန်လျက်ရှိနေသည်။

ထို့အပြင် ကလင်းစမန်းသည် ကစား သမားများအပေါ် လေးလေးစားစားရှိကြောင်း ထုတ်ဖော်ပြသသည်။ စေ့စေ့စပ်စပ် သေသေချာချာ ဆောင်ရွက်တတ်သူ၊ အသစ်အဆန်းတီထွင်တတ်သူလည်း ဖြစ်သည်။ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများကို ပြုစုပျိုးထောင်ပေးရာတွင် နည်းသစ်ကို အသုံးချရန် ဝန်မလေးသူတစ်ဦးလည်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ဂျာမနီအသင်း၏ အဓိကပြဿနာမှာ တိုင်းပြည်၏ မျှော်လင့်ချက်အတိုင်း ဖြစ်လာဖို့ရန် အရည်အသွေး လုံလုံလောက်လောက် ရှိ၊ မရှိဖြစ်သည်။

"ဂျာမနီအသင်းရဲ့ ကြံ့ခိုင်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်စရာတော့မရှိပါဘူး၊ ဒါပေမယ့် အရည်အသွေး အဆင့်မမီတာကတော့ စိုးရိမ်စရာပါပဲဗျာ" ဟု ဆိုသော ဂျာမနီ လက်ရွေးစင်ကစား သမားဟောင်းကြီး Bernd Schuster ၏ စကားဖြင့် အဆုံးသတ်လိုက်ပါသည်။ ။

စင်ကာပူအသင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၇၀ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၉

Singapore Association of Myanmar (SAM) က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းရေးဌာန (Biomedical Engineering Workshop) သို့ အလှူငွေကျပ်သိန်း ၇၀ကို ယမန်နေ့ နံနက် ၁၁နာရီတွင် လာရောက်လှူဒါန်းသည်။

လှူဒါန်းပွဲသို့ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးနှင့် SAM အသင်းဝင်များ၊ ပါမောက္ခဆရာဝန်ကြီးများ၊ ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၇၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

အခြေခံယဉ်ကျေးမှု အကသင်တန်းနှင့် အတီး (စောင်း) သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ဘားအံ)၌ အခြေခံယဉ်ကျေးမှု အကသင်တန်းနှင့် အတီး(စောင်း)သင်တန်း အမှတ်စဉ်(၁)ကို ဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက စောင်းတီးခတ်မှု သရုပ်ပြကာ အကနည်းပြက သရုပ်ပြအကဖြင့် ဖျော်ဖြေသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းရင်းသူ ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘားအံ)သို့ သွားရောက် စစ်ဆေးသည်။

(သတင်းစဉ်)



မာလာဝီနိုင်ငံ ဘလန်တဲရီမြို့မှ ထူးခြားသော ဘောလုံးအိမ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မာလာဝီမှ ထူးခြားသောဘောလုံးအိမ် လူအများ၏စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်

ဘလန်တဲရီ(မာလာဝီ) ဧပြီ ၂၉

အာဖရိကတိုက် မာလာဝီနိုင်ငံ ဘလန်တဲရီမြို့နေ ဘောလုံးဝါသနာရှင်တစ်ဦးသည် ၎င်း၏နေအိမ်ကို အများနှင့်မတူ တစ်မူထူးခြားစေရန်နှင့် ဝါသနာကိုလည်း ဖော်ကျူးရန်ရည်ရွယ်၍ ဘောလုံးသဏ္ဌာန် အိမ်တစ်လုံးကို တည်ဆောက်ထားကြောင်း သိရသည်။

ထိုအိမ်၏ပုံသဏ္ဌာန်မှာ ထူးခြားနေသဖြင့် ဘလန်တဲရီမြို့သို့ရောက်လာသူတိုင်း ဘောလုံးအိမ်ကို မဖြစ်မနေလာရောက်ကြည့်ရှုကြသည်ဟု ဆိုသည်။ လွန်ခဲ့သောငါးနှစ်အချိန်က ဘောလုံးအိမ်ပိုင်ရှင် ဂျန်ဆောင်ကီ၏အမည်ကို သိသူဟူ၍ အလွန်နည်းပါးသည်။ သို့သော် ၎င်း၏ထူးခြားသောအိမ်ကြောင့် ဂျန်ဆောင်ကီမှာ ယခုအခါ လူအများစိတ်ဝင်စားခြင်းခံရသူတစ်ဦးဖြစ်လျက်ရှိသည်။

ဘောလုံးအိမ်မှာ လေးထပ်အဆောင်ဖြစ်ပြီး အပြင်နံရံကို သတ္တုဖြင့် တည်ဆောက်ထားကာ အတွင်းအကာအရံများကို သစ်သားဖြင့်ပြုလုပ်ထားသည်။ သို့ဖြစ်၍ အိမ်မှာ နွေအခါအေးပြီး ဆောင်းအခါ၌ နွေးနေသည်ဟုဆိုသည်။

ဒိန်းမတ်နိုင်ငံသား ဂျန်ဆောင်ကီတို့ဇနီးမောင်နှံမှာ ၎င်းတို့အိမ်ကို လူအများစိတ်ဝင်စားသည့်အတွက် ကျေနပ်အားရလျက်ရှိသည်။ ***အင်တာနက်***

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြီး အစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲

ဧပြီ ၂၈ရက်က အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း လက်ဆောင်ပေးအပ်စဉ်။ (သတင်း-၆) (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်း 'မာလာ' အားပျော့သွား ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိ

ရန်ကုန် ဧပြီ ၂၉

ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း 'မာလာ'သည် အရှေ့မြောက်ဘက်သို့ရွေ့လျားကာ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းကို ဂွမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့သွားကာ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေသည်။

အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် တစ်ပြည်လုံး၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ဒေသအလိုက်နှင့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

NLD ပါတီသည် ပြည်တွင်းအင်အားကို အလေးမထားဘဲ ပြည်ပကိုသာ အားကိုးနေ နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှုကို မသိကျိုးကျွံပြုပြီး အဆိုးမြင်ဝါဒကိုင်စွဲလျက်ရှိ ပြည်သူလူထုနှင့်ကင်းကွာပြီး သီးခြားလူတန်းစားတစ်ရပ်အသွင်ဖြစ်နေသည့်အတွက် လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များစုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးသန်းထွန်း [ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်းရုံးရေးမှူး၊ ဒုတိယဥက္ကဋ္ဌ(၂) လားရှိုးမြို့]၊ ဦးသောင်းလွင် (မြို့နယ်စည်းရုံးရေးမှူး၊ လားရှိုးမြို့)၊ ဦးစိုးငြိမ်း (အဖွဲ့ဝင်၊ လားရှိုးမြို့)၊ ဦးစိုင်းခေးလိန် (အဖွဲ့ဝင် လားရှိုးမြို့)၊ ဦးလှရွှေ (အဖွဲ့ဝင် လားရှိုးမြို့)၊ ဦးချစ်လွင် (အဖွဲ့ဝင် လားရှိုးမြို့)၊ ဦးသန်းလွင် (အဖွဲ့ဝင် လားရှိုးမြို့)၊ ဦးစိုင်းမောင်ကျန် (အဖွဲ့ဝင် ဟန်နားကျေးရွာ လားရှိုးမြို့)နှင့် ဦးတင်ဝ (အဖွဲ့ဝင် နောင်မွန်ကျေးရွာ လားရှိုးမြို့)တို့ ကိုးဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများ ရေးသားပြီး စုပေါင်းလက်မှတ်ရေးထိုးကာ ဧပြီ ၂၇ ရက်တွင် မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး (လားရှိုးမြို့) သို့ ပေးပို့ နုတ်ထွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် (လားရှိုးမြို့)သို့ ပေးပို့ခဲ့သော လားရှိုးမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်ကိုးဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် လားရှိုးမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သို့ ၁၉၈၈ ခုနှစ် သြဂုတ်လမှ စတင်ဝင်ရောက်ခဲ့ပြီး ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်းဖြင့် ဆောင်ရွက်ကာ ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ တစ်ဆက်တည်း ဆောင်ရွက်မည် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခါ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ နိုင်ငံရေးရပ်တည်မှု အနေအထားမှာ ယုံကြည်ချက်လမ်းကြောင်း ပေါ်မှသွေဖည်လျက်ရှိပြီး ကောင်းမြတ်သော အကျိုးရလဒ်များ ထွက်ပေါ်မလာဘဲ ပါတီဝင် အချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပါတီတွင်း ဂိုဏ်းဂဏကွဲပြားမှုများဖြစ်အောင်သာ ပြုမူဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပါဝင်ဆောင်ရွက်နိုင်ရန် ပါတီ၏ လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှု မရရှိသဖြင့် ၎င်းတို့အနေဖြင့် တစ်နေ့တခြား ပြည်သူလူထုနှင့် ကင်းကွာလာ၍ သီးခြားအဖွဲ့ဖြစ်လာပြီး ရပ်ရွာအကျိုးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိတော့ဘဲ အထီးကျန် သီးခြားလူတန်းစား တစ်ရပ်အသွင် ဖြစ်လာနေကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

NLD ပါတီသည် မူလမျှော်မှန်းချက်နှင့်ဆန့်ကျင်လျက် လွဲမှားစွာလုပ်ဆောင်နေ ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်လုပ်ဆောင်မှုမရှိ၍ ပြည်သူလူထုနှင့်ကင်းကွာလျက်ရှိ ပါတီတွင်း ပုဂ္ဂိုလ်ရေးကိုးကွယ်မှုရှိနေကာ ပြည်ပကိုသာအားကိုးနေသည့်အတွက် သိန္နီမြို့နယ် NLD ရုံးကိုပိတ်သိမ်းပြီး ပါတီဝင်အားလုံးစုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်လု (ဥက္ကဋ္ဌ၊ကောင်းဟော်ရွာ သိန္နီမြို့နယ်)၊ ဦးစိုင်းဘအေး[ဒုတိယဥက္ကဋ္ဌ(၂) ကောင်းဟော်ရွာ သိန္နီမြို့နယ်)၊ ဦးစိုင်းလှကျော်[အတွင်းရေးမှူး ရပ်ကွက်(၁)သိန္နီမြို့]၊ ဦးမင်းနိုင် [တွဲဖက်အတွင်းရေးမှူး ရပ်ကွက်(၃)သိန္နီမြို့]၊ ဒေါ်လရီးရွယ်နူး[ဘဏ္ဍာရေးမှူး ရပ်ကွက်(၃)သိန္နီမြို့]၊ ဦးအောင်ကျော်ဦး[အဖွဲ့ဝင် ကောင်းဟော်ရွာ သိန္နီမြို့နယ်)၊ ဦးဇော်ရင်[အဖွဲ့ဝင် ရပ်ကွက်(၄)သိန္နီမြို့] နှင့် ဒေါ်နန်းခင်ငွေနွယ်(အဖွဲ့ဝင် ကောင်းဟော်ရွာ သိန္နီမြို့နယ်)တို့ရှစ်ဦးသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD မှ အပြီးအပိုင်နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်း လက်မှတ်ရေးထိုးကာ ဧပြီ ၂၃ ရက်တွင် သိန္နီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့နုတ်ထွက်ခဲ့ကြကြောင်းသိရှိရသည်။

သိန္နီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါသိန္နီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး၏ နုတ်ထွက်လွှာတွင်

စာမျက်နှာ ၇ ကော်လံ ၅ သို့

(30-4)20.P65 1 1/1/32, 4:55 AM